မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၅ ရက်၊ ၂၀၀၈ခုနှစ်၊ ဧပြီ ၁၀ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၇)၊ အမှတ်(၁၉၃)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၆/၂၀၀၈) ကျင်းပ

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေး(၆/၂၀၀၈) ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရုံး အမှတ်(၂၂) ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

သဘာပတိ

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ဆုံးဖြတ်

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးဆိုင်ရာလုပ်ငန်းများကို ပြည်နယ်၊ တိုင်းအသီးသီးတွင် ဆောင်ရွက်လျက်ရှိကြရာ လုပ်ငန်းများအားလုံးနီးပါး ပြီးစီးနေပြီး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရန် အဆင်သင့်ဖြစ်သည့်အနေအထားသို့ ရောက်ရှိနေပြီဖြစ်၍ သင့်လျော်မည့် နေ့ရက်ကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက်အဖြစ် သတ်မှတ်ကြေညာရန် ညှိနှိုင်းဆွေးနွေးကြပြီး ၂၀၀၈ ခုနှစ် မေ ၁၀ရက်ကို သတ်မှတ်ရန် ဆုံးဖြတ်ချက်ချမှတ်ကြသည်။

ကြေညာ

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား ပြည်သူများက အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး ကော်မရှင်၏ ဆုံးဖြတ်ချက်နှင့်အညီ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်းကြေညာပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ်(၄/၂၀၀၈)ကို ၂၀၀၈ ခုနှစ် ဧပြီ ၉ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်
ကြေညာချက်အမှတ် (၄/၂၀၀၈)
၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက်
(၂၀၀၈ ခုနှစ်၊ ဧပြီလ ၉ ရက်)

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့်နေ့ရက်ကြေညာခြင်း

၁။ ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေအခန်း ၂၊ ပုဒ်မ ၄၊ ပုဒ်မခွဲ(က)အရ ၂၀၀၈ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေး(၆/၂၀၀၈)က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ရက်နေ့တွင် ကျင်းပရန် ဆုံးဖြတ်လိုက်ပါသည်။

၂။ ယင်းဆုံးဖြတ်ချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းအား ပြည်သူများက အတည်ပြုနိုင်ရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အောင်တိုး
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၁၀ ရက်)

မြန်မာ-အိန္ဒိယ ချစ်ကြည်ရင်းနှီးမှု တိုးတက် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ထွန်း

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့ ဆက်ဆံရေးသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အပြန်အလှန် စိတ်ကောင်းစေတနာထားရှိမှုနှင့် နားလည်သဘောပေါက်မှုအပေါ် အခြေခံပြီး တိုးတက်ခိုင်မာလျက်ရှိသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အိန္ဒိယသမ္မတနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်အတွင်း ဧပြီလ၂ရက်နေ့က အိန္ဒိယသမ္မတနိုင်ငံဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းအား နယူးဒေလီမြို့ရှိ ဝန်ကြီးချုပ်၏ နေအိမ်သို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းသို့တွေ့ဆုံဆွေးနွေးရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက **နှစ်နိုင်ငံနယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးကို မိမိတို့အနေဖြင့် အလေးထားပါကြောင်း၊ မိတ်ဆွေအိမ်နီးချင်းနိုင်ငံများကို အန္တရာယ်ပေးမည့် မည်သည့်အဖွဲ့အစည်းကိုမျှ မိမိတို့ပိုင်နက်နယ်မြေကို အသုံးပြုခွင့်ပေးသွားမည် မဟုတ်ကြောင်း၊ အိန္ဒိယသမ္မတနိုင်ငံကလည်း မြန်မာနိုင်ငံကိုဆန့်ကျင်မည့် အဖွဲ့အစည်းများအား အိန္ဒိယနယ်မြေအတွင်း လှုပ်ရှားခွင့်မပြုသည့် ရပ်တည်ချက်ကိုလည်း အသိအမှတ်ပြုပါကြောင်းဖြင့်** ပြောကြားခဲ့သည်။

အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာမန်မိုဟန်ဆင်းက **မြန်မာနိုင်ငံနှင့်ဆက်ဆံရေးကို အထူးအလေးထားသည့်အပြင် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိုလည်း ပိုမိုအရှိန်အဟုန်မြှင့်တင်သွားရန် ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ နိုင်ငံရေး ပြုပြင်ပြောင်းလဲရေး ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်း၊ မြန်မာနိုင်ငံ၏အရေးကိစ္စကို မြန်မာနိုင်ငံသားများကသာ အသိဆုံးဖြစ်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဟု ယုံကြည်ပါကြောင်းဖြင့်** ပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံချင်းဆက်ဆံရေးသာမက ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများတွင်လည်း နားလည်မှုရှိရှိ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်သည် ချစ်ကြည်ရင်းနှီးမှုကို ခိုင်မြဲစေပြီး နှစ်နိုင်ငံအကြား၊ တပ်မတော် နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဖော်ဆောင်နိုင်မည်ဖြစ်သည်။ ကုလားတန်မြစ် ဘက်စုံစီမံကိန်းသည် ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု၏ ပြယုဂ်တစ်ခုပင်ဖြစ်သည်။ နှစ်နိုင်ငံ ကုန်သွယ်ရေးကိုလည်း နယ်စပ်ကုန်သွယ်ရေးမှ ပုံမှန်ကုန်သွယ်ရေးအဆင့်သို့ ရောက်အောင် တိုးမြှင့်ဖော်ဆောင်လျက်ရှိသည်။

သို့ဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၏ ချစ်ကြည်ရေး ခရီးသည် မြန်မာနိုင်ငံနှင့် အိန္ဒိယသမ္မတနိုင်ငံတို့၏ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို ပိုမိုတိုးတက်ခိုင်မာစေပြီး ကဏ္ဍအသီးသီး၌ အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဖြစ်ထွန်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ကြီးအတွင်း စုပေါင်းဆောင်ရွက် ဆောက် လုပ်ဆဲဖြစ်သော လေးထပ် ဘောဇန ဆောင်အတွက် ဒေါ်အေးအေးသိန်း၊ သား သမီး၊ မြေးတစ်စု မြကန်သာအိမ်ရာစခန်းက ငွေကျပ်တစ်သိန်း၊ ဦးငွေလင်း-ဒေါ်မိုးမိုးဦး မိသားစု သဃ်န်းကျွန်းက ငွေကျပ်တစ်သိန်း၊ ဒေါ်တင်တင်မြင့်၊ သမီးဒေါက်တာမိုးမိုးအေး မိသားစု ရွှေဝါမြိုင်အိမ်ရာစခန်း လှိုင်က ငွေကျပ်တစ်သိန်း၊ ဦးထွန်းလှဖံ-ဒေါ်ရွှေစိန် မိသားစု မင်္ဂလာတောင်ညွန့်က ငွေကျပ် တစ်သိန်း၊ ဒေါ်အေးမိသားစု FMI City လှိုင်သာယာက ငွေကျပ်တစ်သိန်း၊ ဦးသန်း ဆွေ-ဒေါ်အေးတင့် မိသားစု ဝင်ဒါမီယာ ကမာရွတ်က ငွေကျပ်တစ်သိန်း၊ဒေါ်သန်းမြ မိသားစု မော်လမြိုင်ကငွေကျပ်တစ်သိန်းနှင့် ဆရာမဒေါ်မေခင် ကမ္ဘာအေးဘုရားလမ်း မရမ်းကုန်းက ငွေကျပ်တစ်သိန်း အသီးသီး လှူဒါန်းကြသည်။ စုပေါင်း ဆောင်ရွက် လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်နိုင် ကြောင်း သိရသည်။

(က-ပ)

မြဝတီရုပ်မြင်သံကြား

၁၀-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသက်န်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မြန်မာသက်န်
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသက်န်
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့ စွန့်စားခန်း** (အပိုင်း-၃၈)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ**(အပိုင်း-၁၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝဇာတ်ခုံ** (အပိုင်း-၈)(ဇာတ်သိမ်းပိုင်း)

နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပုဂ္ဂလိကသို့လွှဲပြောင်းရေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဧပြီ ၉

အမှတ်(၁)စက်မှုဝန်ကြီးဌာန နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပုဂ္ဂလိကသို့လွှဲပြောင်းရေး ရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲ ၁နာရီက နေပြည်တော်ရှိ အမှတ်(၁)စက်မှု ဝန်ကြီးဌာန သင်တန်းခန်းမ၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် လှထွန်း၊ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေး မှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းဆွေးနွေး

ရှေးဦးစွာ ဝန်ကြီး ဦးအောင်သောင်း၊ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း**(အပေါ်ပုံ)**၊ ဝန်ကြီးဗိုလ်ချုပ်သိန်းဆွေ၊ ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းနှင့် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းတို့က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပုဂ္ဂလိကသို့လွှဲပြောင်းရေးနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

ထို့နောက် အမှတ်(၂)စက်မှုဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများ ညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်နှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှရွှေတို့က နိုင်ငံပိုင်စက်ရုံ၊ အလုပ်ရုံများ ပုဂ္ဂလိကသို့လွှဲပြောင်းပေးရေးနှင့် ပတ်သက်၍ အသီးသီး ရှင်းလင်းဆွေးနွေး ပြောကြားကြသည်။

သိလိုသည်များမေးမြန်း

ယင်းနောက် ပုဂ္ဂလိကလုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ ဝန်ကြီး ဦးစိုးသာ၊ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဝန်ကြီး ဦးအောင်သောင်းတို့က ရှင်းလင်းပြောကြား ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြာသာဒ် ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်းရှိ မြတ်သီတာ ဥပရိပါသာဒသိမ်တော်ကြီး တွင် ၁၃၆၉ခုနှစ် တန်ခူးလဆန်း ၇ ရက်မှ ၁၃ရက် (ဧပြီ ၁၂ရက်မှ ၁၈ရက် အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ကျောင်းတိုက် စာချဆရာတော် ဦးသော ပါက(ဓမ္မာစရိယ)နှင့် မန္တလေးမြို့ ချမ်းသာ ကြီးတောင်တိုက် ကျမ်းပြု၊ စာချ၊ တရား ဟော၊ တရားပြ နယ်လှည့် ဓမ္မကထိက ဦးတေဇနိယ (စာရေးဆရာ တက္ကသိုလ် တေဇာလင်း)တို့က ပဋ္ဌိစ္စသမုပ္ပာဒ်တရား များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဧပြီ ၁၂ရက် နံနက် ၇နာရီ အရောက် လာရောက်ကြရန်နှင့် ဖုန်း-၀၁-၅၅၇၅၅၉ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(က-ပ)

ရွှေကြက်ယက်အရှင်ဂါဝရ သကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်ချို(၂)ရပ်ကွက် ဗိုလ်ချုပ်ပြတိုက်လမ်း ရွှေကြက်ယက်ကျောင်းတိုက် ဓမ္မသာရကျောင်းဆရာတော် အရှင်ဂါဝရ သာသနဓဇ ဓမ္မာစရိယ မဇ္ဈိမနိကာယပါဠိ မဏ္ဍိုင်အလင်္ကာမှတ်စု မဏ္ဍိုင်ဆန်းမှတ်စု အရှင်သူမြတ် သည် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ဆူးကလပ်ကျေးရွာ သစ်ဆိမ့်ကျောင်း၌ နှစ်စဉ် ကျင်းပမြဲဖြစ်သော မဟာသင်္ကြန် အထူးတရားစခန်းပွဲကြီးကို တန်ခူးလဆန်း ၆ရက်မှ ၁၂ ရက်(ဧပြီ ၁၁ရက်မှ ၁၇ ရက်အထိ) ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်မှုနှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြသည့်အခမ်းအနားကျင်းပ

နေပြည်တော် ဧပြီ ၉

နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အခမ်းအနားကို ဧပြီ၇ရက် နံနက်စနာရီက နေပြည်တော် ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်ရှိ ခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ နေပြည်တော် ပျဉ်းမနားခရိုင်ရှိ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က ငလိုက်ကန်သာ အပန်းဖြေ ဥယျာဉ်စခန်းကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနနှင့် Suntac Technologies တို့ ပူးပေါင်း၍ တည်ဆောက်နေသည့် လုပ်ငန်းများနှင့် ဆောင်ရွက်နေသည့် အဓိကလုပ်ငန်းရပ်ကြီးများအနက်မှ ရေချိုးဆိပ်များ၊ ပင်လယ်ကမ်းခြေကဲ့သို့ အပန်းဖြေနေရာများ၊ရေလယ်ကျွန်း ဆောင်ရွက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပုံစံများဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက ဆည်ရေလှောင်တမံနှင့် သဘာဝပတ်ဝန်းကျင်၏ အေးချမ်းသာယာမှုကို လာရောက် အပန်းဖြေသူများ ခံစားနိုင်ရန် ငလိုက်ကန်သာ အပန်းဖြေ ဥယျာဉ်ကိုတည်ဆောက်ပေးခြင်းဖြစ်ကြောင်းနှင့်ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းများကို ဖြည့်စွက် ရှင်းလင်း ပြောကြားပြီး ငလိုက်ကန်သာ အပန်းဖြေ ဥယျာဉ်စခန်း တည်ဆောက်မှုတွင် ပါဝင်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးနှင့် တက်ရောက်လာကြသူများသည် ရေလယ်ကျွန်း နားနေစခန်းသို့ စက်လှေဖောင်ဖြင့် သွားရောက်၍ တည်ဆောက်ထားသည့် အဆောက်အအုံများနှင့် နားနေဆောင်တို့ကို လည်းကောင်း၊ ပင်လယ်ကမ်းခြေကဲ့သို့ ပြုပြင်ထားသည့် သဲသောင်ပြင် နေရာကို လည်းကောင်း၊ ချောင်းတွင်း ရေချိုးဆိပ် အနီးရှိ ရေလွှာလျှောစီးစင်များမှ ရေလွှာလျှောစီး အပန်းဖြေနေကြသူများအား လည်းကောင်း၊ ရေချိုးဆိပ်၌ ရေချိုး၊ အပန်းဖြေ နားနေသူများကို လည်းကောင်း၊ တည်းခိုဆောင်များကို လည်းကောင်း ကြည့်ရှုကာ **(အပေါ်ပုံ)** လိုအပ်ချက်များ ဖြည့်ဆည်းပေးကြသည်။

ဖွင့်လှစ်

ငလိုက်ကန်သာ အပန်းဖြေ ဥယျာဉ်စခန်းသည် နေပြည်တော်မှ ခုနစ်မိုင် အကွာ ကျွဲရှင်းကျေးရွာအနီးရှိ ငလိုက်ရေလှောင်တမံ၏ရေစပ်ကမ်းခြေတစ်လျှောက်၌ တည်ဆောက်ထားပြီး သဘာဝအလျောက် အပန်းဖြေ နေရာများ၊ ရေချိုးဆိပ်များ၊ ပင်လယ်ကမ်းခြေကဲ့သို့ အပန်းဖြေနိုင်သည့် နေရာများ အပြင် ရေလွှာလျှောစီးစင်များ၊ ငလိုက်ကန်သာအတွင်းလှေဖောင်များဖြင့်လှည့်လည်ကြည့်ရှုနိုင်သည့် အစီအစဉ်များ ပါရှိပြီး ယခုရက်မှစ၍ သင်္ကြန်ကာလအတွင်း အပန်းဖြေနိုင်ရေးအတွက် ဖွင့်လှစ်ပေးထားမည်ဖြစ်သည်။ ယနေ့နံနက်ပိုင်းမှစ၍ ငလိုက်ကန်သာ အပန်းဖြေဥယျာဉ်စခန်း၏ ပြီးစီးသည့် ဇုန်နယ်မြေများကို စတင်ဖွင့်လှစ်ပေးရာ လာရောက် အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သင်္ဃန်းကျွန်း မြို့နယ် မိကျောင်းကန်အပိုင်း ၃သီရိရတနာရိပ်သာ ခေမာသီလမ်း အမှတ်၂၇နေ ဒေါ်လေးတင့်၊ သားသမီး၊ မြေးမိသားစုတို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်းပဒေသာပင်အတွက် ငွေကျပ် သုံးသိန်းကို ပိဋကတ်နှစ်ပုံခွဲဆောင်ဆရာတော် ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး(ဘဏ္ဍာ)ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အခြေခံကွန်ပျူတာ သင်တန်းဆင်းပွဲကျင်းပ

နေပြည်တော် ဧပြီ ၉

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ အခြေခံကွန်ပျူတာသင်တန်း Level-1 အမှတ်စဉ်(၁/၂၀၀၈)သင်တန်းဆင်းပွဲကို ယမန်နေ့နံနက်၇နာရီခွဲက နေပြည်တော်ရှိ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း၊ ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ဦးညီလွင်အောင်၊ ဒုတိယဆုရ ဒေါ်ခင်သီတာမြင့်၊ တတိယဆုရ ဦးစန်းမင်းဦးတို့အား ဆုများချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က သင်ကြားပို့ချခဲ့သော သင်တန်းနည်းပြများကိုယ်စား သင်တန်းနည်းပြ ဒေါ်အေးသန္တာမြင့်အား ဂုဏ်ပြုလက်မှတ်ကို လည်းကောင်း၊ သင်တန်းသားများကိုယ်စား သင်တန်းသူ ဒေါ်အိငြိမ်းဖြူအား သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

တက်ရောက်

အဆိုပါသင်တန်းတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ သင်တန်းသား၊သင်တန်းသူ ၃၀တို့တက်ရောက်ကြ၍ အခြေခံကွန်ပျူတာပညာရပ်များကို တစ်လတိတိသင်ကြားပို့ချခဲ့ပြီး ဖွင့်လှစ်ခဲ့သည့် Computer Training Room မှ သင်တန်းသား သင်တန်းသူ ၁၇၄ဦးတို့ကို လေ့ကျင့်သင်ကြားပေးခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အောင်သိဒ္ဓိမိသားစု ရဟန်းခံရှင်ပြုသက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိမိသားစု (၅)ကြိမ်မြောက် ရဟန်းခံရှင်ပြု၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် သက်ကြီးဘိုးဘွား ၁၅၀ ပူဇော်ကန်တော့ပွဲကို မဟာသင်္ကြန် အခါရက်များအတွင်း ကန်သာဇေယျုကျောင်းတိုက် ဆရာတော်အား အမှူးထား၍ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

သိမ်ဆင်းလောင်းလှူလိုသူများနှင့် သက်ကြီးဘိုးဘွားများအား လှူဒါန်းလိုသူ ရပ်ဝေးရပ်နီး အလှူရှင်၊ အလှူ့အမများ၊ အလှူပွဲဖြစ်မြောက်ရေး အကျိုးတော်ဆောင် ကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်ထွန်းနှင့် ကော်မတီအဖွဲ့ဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၁၁၁)

လှိုင်မဟာစည် သင်္ကြန်အထူးတရားစခန်းပွဲ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၁)ရပ်ကွက် ယောဂီကျောင်းလမ်း လှိုင်မဟာစည် ဝိပဿနာကျောင်းတိုက်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော (၂၉)ကြိမ်မြောက် မဟာသင်္ကြန် မိဂဒါဝုန်ဝိပဿနာတရားစခန်းပွဲကို ဧပြီ ၁၁ရက်မှ ၂၇ရက်အထိ ကျင်းပမည်ဖြစ်ရာ လှိုင်မဟာစည်ဆရာတော် ဘဒ္ဒန္တစန္ဒဝရက ဝိပဿနာတရား ဟောကြားပြသမည် ဖြစ်သည်။ မည်သူမဆို ဆွမ်း၊ရေမီး၊ စရိတ်အခမဲ့နှင့် ဝိပဿနာအခြေခံမှစ၍ စနစ်တကျ သင်ကြားပြသမည်ဖြစ်ပြီး အသေးစိတ်သိလိုသူများ၊ တရားစခန်းဝင်လိုသူများ၊ လှူဒါန်းလိုသူများသည် ဖုန်း-၀၁-၅၂၆၁၈၂၊ ၅၁၉၇၅၀ တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်း သိရသည်။ (က-ပ)

(၁၁)နှစ်မြောက်အထိမ်းအမှတ် အလှူတော်မင်္ဂလာကျင်းပ

နေပြည်တော် ဧပြီ ၉

စစ်တက္ကသိုလ် အမှတ်စဉ် (၄၂)၏ (၁၁)နှစ်မြောက် အထိမ်းအမှတ် အလှူတော်မင်္ဂလာကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့)တွင် နေပြည်တော် ပျဉ်းမနားရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ ခေမာသီဝံကျောင်းတိုက်၌ ဆရာတော်ကြီး အမှူးထား၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် လှူဖွယ်ပစ္စည်းများကိုလည်း လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (က-ပ)

ဧပြီ ၄ ရက်က (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းစိန်မြို့နယ် ကြို့ကုန်း အနောက်ရပ်ကွက် ခဝဲခြံ(၂)လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်မြောက်ပိုင်း ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းနိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

ရန်ကုန်တိုင်း ရန်ကင်း မြို့နယ် ကံဘဲ့ ဘူတာရုံလမ်း ပဥ္စနိကာယသာသနာ့ဗိမာန်ကျောင်းတိုက်ရှိ ရန်ကုန်နိကာယ် သာသနာတော်ထွန်းကားရေး အသင်း၏ ထာဝရငွေရတုပဒေသာပင် အတွက် အမှတ်၄၀ ဥယျာဉ်လမ်း မန်ကျည်းမြောက် အရှေ့ရပ်ကွက်ကြည့်မြင်တိုင်မြို့နယ် ဒေါ်သောင်းနွဲ့မိသားစုကဦးဝမ်းဒီ၊ ဒေါ်စိန်ငွေ၊ ညီမ ဒေါ်ကျင်ကျွေနှင့် ဦးထင်အောင်တို့အားရည်စူး၍ အလှူငွေကျပ်တစ်သိန်းကို ဒုတိယဥက္ကဋ္ဌ ဦးအေးနှင့် အမှုဆောင် ဦးသန်းချစ်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဧပြီ ၉

မီးသတ်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် ရန်ကုန်တိုင်းမီးသတ်ဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ယမန်နေ့ မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ယုဇနပလာဇာသို့ သွားရောက်ပြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံချက်များရေးဆွဲပြီး ဆောင်ရွက်ထားရှိမှု၊ မီးသတ်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှု၊ မီးငြိမ်းသတ်ရေးအတွက် မြေတွင်းရေပိုက်ခေါင်း(Hydrant) တပ်ဆင်ထားရှိမှု၊ ခေါင်မိုးရေသိုလှောင်ကန်များမှ ရေလုံလောက်စွာ အသုံးပြုနိုင်ရေး၊ လုံခြုံရေးကင်မရာများထားရှိရေး၊ လေဝင်လေထွက်စနစ်ထားရှိရေး၊ ဈေးသူဈေးသားများအား မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောမှုနှင့် ဇာတ်တိုက်လေ့ကျင့်ပေးမှု အခြေအနေများအား ယုဇနကုမ္ပဏီမှ တာဝန်ရှိသူများ၊ ယုဇနဈေးတာဝန်ခံ ဦးဝင်းထွန်းနှင့် ဈေးသာယာရေးကော်မတီများက လိုက်လံရှင်းလင်းပြသရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ (က-ပ)

ရခိုင်သက်ကြီးပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရွှေတိဂုံစေတီတော် ရက္ခိုင်မောင်မယ် တံမြက်စည်းလှည်းအသင်းက နှစ်စဉ်နှစ်တိုင်း ကျင်းပမြဲဖြစ်သော ရခိုင်သက်ကြီးပူဇော်ပွဲကို ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ် အာဇာနည်လမ်းရှိ ရခိုင်ပြည်နယ် ဓမ္မာရုံ၌ ဧပြီ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့) မွန်းလွဲ ၁ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည် ဖြစ်သည်။ အသက်၈၀နှင့်အထက် အဘိုးရှင်၊ အဘွားရှင်များ အမည်စာရင်းပေးသွင်းကြရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးကျော်မောင် ဖုန်း-၀၉-၅၁-၄၅၃၀၅၊ ဦးဇော်ဝင်း ဖုန်း-၀၉-၅၀-၀၆၈၂၀နှင့် ကိုသန်းအောင် ဖုန်း-၀၉-၅၁-၄၃၉၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ယူရေနီယံသန့်စင်ရေးအတွက် ဗဟိုခွာစက်အသစ် အလုံး၆၀၀၀ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း အီရန်သမ္မတပြောကြား

တီဟီရန် ဧပြီ ၉

အီရန်အစိုးရက နာတန်ရှိ အဓိကနျူကလီးယားစက်ရုံ၌ ဗဟိုခွာစက်အသစ် ၆၀၀၀ကို စတင်တပ်ဆင်နေပြီဖြစ်ကြောင်း အီရန်သမ္မတ မာမွတ်အာမက်ဒီနီဂျက်က ပြောကြားသည်ဟု အီရန်သတင်းဌာနက ကိုးကားဖော်ပြသည်။

အီရန်နိုင်ငံ၏ အမျိုးသားနျူကလီးယားနေ့ အထိမ်းအမှတ်အဖြစ် နာတန်စက်ရုံသို့ သွားရောက်လည်ပတ်စဉ် သမ္မတ အာမက်ဒီနီဂျက်က အထက်ပါအတိုင်း ထုတ်ဖော်ပြောကြားခြင်း ဖြစ်သည်။

ရှိပြီး

အီရန်နိုင်ငံ အနေဖြင့် ယူရေနီယံသန့်စင်ရေးအတွက် နာတန်စက်ရုံ၌ ဗဟိုခွာစက် အလုံး ၃၀၀၀ ရှိပြီးဖြစ်သည်။

စွပ်စွဲ

အီရန်သည် နျူကလီးယားလက်နက်လုပ်ရန်အတွက် ယူရေနီယံသန့်စင်ရန် လိုလားနေသည်ဟု အမေရိကန်နှင့် အနောက်အုပ်စုက စွပ်စွဲထားသော်လည်း အီရန်ကမူ မဟုတ်မှန်ကြောင်း ငြင်းဆိုသည်။ **(အင်တာနက်)**

ပါကစ္စတန်နျူကလီးယားစက်ရုံ ဓာတ်ငွေ့ယိုစိမ့်၍ နှစ်ဦးသေဆုံး

ပန်ဂျပ်(ပါကစ္စတန်) ဧပြီ ၉

ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်၌ နိုင်ငံ၏ နျူကလီးယားစွမ်းအင်အေဂျင်စီက လည်ပတ်နေသောစက်ရုံတွင် ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူနှစ်ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

ယင်းနျူကလီးယား စက်ရုံသည် ပန်ဂျပ်ပြည်နယ် ကူရှပ်၌တည်ရှိပြီး သေဆုံးသူနှစ်ဦးမှာ စက်ရုံအလုပ်သမားများ ဖြစ်ကြကြောင်း၊ စက်ကိုပြုပြင် ထိန်းသိမ်းရန် ကြိုးစားစဉ် အကြီးစား ရေပေးစက်ရုံမှ ဓာတ်ငွေ့များယိုစိမ့်ခဲ့ပြီး သေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပါကစ္စတန်နိုင်ငံ၌ နျူကလီးယားယိုစိမ့်မှုကြောင့် သေဆုံးခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ကြောင်း ၄င်းတို့က ပြောကြားသည်။

သန့်စင်ထုတ်လုပ်

ယင်းနျူကလီးယားစက်ရုံသည် နျူကလီးယားဓာတ်အား အဓိကထုတ်လုပ်ခြင်းနှင့် ပလူတိုနီယံသန့်စင်ထုတ်လုပ်ပေးနေသော စက်ရုံဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၏ နျူကလီးယားဓာတ်အားပေးစက်ရုံကို ၁၉၇၂ခုနှစ်က ကရာချိမြို့၌ ကနေဒါကျွမ်းကျင်ပညာရှင်များ၏ အကူအညီဖြင့်တည်ဆောက်ခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် ၁၉၉၈ခုနှစ် မေလက နျူကလီးယားလက်နက် ငါးကြိမ် စမ်းသပ်ခဲ့ပြီးနောက် နျူကလီးယား လက်နက် ပိုင်ဆိုင်သောနိုင်ငံ ဖြစ်လာခဲ့သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အီရတ်လုံခြုံရေးတပ်ဖွဲ့များနှင့် အီရတ်လက်နက်ကိုင်များ ပဋိပက္ခဖြစ်ပွားပြီးနောက် မီးလောင်မှုများ ဖြစ်ပွားနေသည်ကို ဧပြီ ၉ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဘင်္ဂလားဒေ့ရှ် လေယာဉ်တစ်စင်း ခြိမ်းခြောက်ခံရမှုကြောင့် ဒွန်မောင်းလေဆိပ်၌ အရေးပေါ်ဆင်းသက်

ဗန်ကောက် ဧပြီ ၉

ဘင်္ဂလားဒေ့ရှ် ခရီးသည်တင်လေယာဉ်တစ်စင်းတွင် ဧပြီ ၈ရက်က ခရီးသည်တစ်ဦး၏ ဓားဖြင့် ခြိမ်းခြောက်မှုကြောင့် ဒွန်မောင်းလေဆိပ်၌ အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ပြောကြား

အဆိုပါ ခရီးသည်တင်လေယာဉ်သည် ကွာလာလမ်ပူမှ ဒါကာသို့ ပျံသန်းလာစဉ် ဓားတစ်ချောင်း ကိုင်ဆောင်ထားသော ခရီးသည်တစ်ဦးက လေယာဉ်ပေါ်တွင် ခြိမ်းခြောက်မှုပြုလုပ်ခဲ့ကြောင်း ထိုင်းလေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လိုက်ပါ

ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၆၀ လိုက်ပါလာသည်ဟု ဆိုသည်။ **(အင်တာနက်)**

အာရှနှင့်အရှေ့အလယ်ပိုင်းဆွေးနွေးပွဲ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကြေညာချက်ထုတ်ပြန်

ရှန်အယ်လ်ရှိတ်(အီဂျစ်) ဧပြီ ၉

ဒုတိယအကြိမ်မြောက် ဝန်ကြီးအဆင့် အာရှ-အရှေ့အလယ်ပိုင်း ဆွေးနွေးပွဲ (အေမက်)ကို ဧပြီ ၆ရက်က အီဂျစ်နိုင်ငံ ရှန်အယ်လ်ရှိတ်မြို့၌ကျင်းပပြီး ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည် ရင်းနှီးမှုဆိုင်ရာ မူဘောင်သဘောထားကြေညာချက် တစ်ရပ် ထုတ်ပြန်လိုက်သည်။

ကျင်းပမည်

အဆိုပါကြေညာချက်ကို ထိုင်း နိုင်ငံခြားရေးဝန်ကြီး နော့ပါဒန် ပတ္တမာက ဖတ်ကြားသည်။ ထိုင်းနိုင်ငံ၌ လာမည့် ၂၀၁၀ ပြည့်နှစ်တွင် အေမက် အစည်းအဝေးကို ကျင်းပမည်ဖြစ်သည်။

ယင်းကြေညာချက်၌ လွန်ခဲ့သော သုံးနှစ်က စင်ကာပူနိုင်ငံတွင် ချမှတ်ဆောင်ရွက်ခဲ့သည့် မူဘောင်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံခြားရေး ဝန်ကြီး ဖတ်ကြားသော ကြေညာချက်၌ ဖော်ပြသည်။

ဆော်ဩ

အာရှနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများ အနေဖြင့် မိမိတို့၏ပြည်သူများ ကြီးပွားတိုးတက်နိုင်မည့် အခွင့်အလမ်းများ ရရှိစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး နည်းလမ်းများကို ရှာကြံလုပ်ဆောင်သွားကြရန်လည်း ထိုင်းဝန်ကြီးက တိုက်တွန်းဆော်ဩလိုက်သည်။

သုံးသပ်ဆွေးနွေး

တိုးတက်ကောင်းမွန်သော အနာဂတ်အတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဆိုသော ဆွေးနွေးသည့်အကြောင်းအရာအရ အေမက်အဖွဲ့ဝင်နိုင်ငံများသည် နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေး၊ သိပ္ပံနှင့် မီဒီယာကိစ္စတို့ကို သုံးသပ်ဆွေးနွေးခဲ့ကြသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

ဘဝအမောပြေ

ခွက်ချင်းမတူလို့ပါ . . .

အအေးဆိုင်တစ်ဆိုင်တွင် အအေးမှာ၍ ဝေးမှိုင်နေသော လူငယ်တစ်ဦး၏ အအေးခွက်ကို ဆိုင်ထဲဝင်လာသော လူမိုက်တစ်ဦးက ယူသောက်လိုက်ရာ....

လူငယ် ။ ။ ကျွန်တော့်အအေးခွက်ကို ဘာလို့ယူသောက်ရတာလဲ။

လူမိုက် ။ ။ သောက်ချင်လို့သောက်တယ်ကွာ။ ဘာလုပ်ချင်လဲ....။

လူငယ် ။ ။ ဒီအအေးခွက်က ကျွန်တော့်ကို အေးချမ်းမှုဖြစ်စေမှာမို့ပါ။

လူမိုက် ။ ။ မင်းမကျေနပ်ရင်... အအေးတစ်ခွက်ထပ်မှာ...။

လူငယ် ။ ။ မမှာပါနဲ့...ခုနအအေးခွက်နဲ့မတူတော့လို့ပါ။

လူမိုက် ။ ။ အအေးခွက်ချင်း ဘာများကွာလို့လဲကွာ...။

လူငယ် ။ ။ ကျွန်တော်စိတ်ညစ်လွန်းလို့ အအေးခွက်ထဲအဆိပ်ထည့်ပြီး သောက်ဖို့စီစဉ်ထားတဲ့ခွက်မို့ပါ။

လူမိုက် ။ ။ "ဟိုက်"

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုးနှင့် ချစ်စိုးနိုင်

နိုင်ငံတကာမှုခင်းဖြစ်ရပ်

ရာဇဝတ်ဘေး ရှောင်ခွာပြေးခဲ့ပါသော်လည်း

အဲရီမြို့သည် အမေရိကန်အနောက်မြောက်ပိုင်း ပင်ဆယ်ဗေးနီးယားပြည်နယ်တွင်ရှိသော မြို့ဖြစ်ပြီး အေးချမ်းလှကာ အသင့်အတင့်စည်ကားလေသည်။ ထိုမြို့အနီးရှိ ကော်ရီဒေသတွင် ငယ်စဉ်ကတည်းကကြီးပြင်းလာခဲ့သော အသက် ၅၄နှစ်အရွယ်ရှိ မယ်လ်ကွန်အူဂီနီကိုင်ဇာ**(ယာပုံ)**သည် အေးချမ်းလှသော မြို့ကလေးတွင် မအေးချမ်းလှသည့် အကြီးမားဆုံး ဒုက္ခနှံ့နှစ်ခဲ့ရသော ဖြစ်ရပ်နှစ်ခုနှင့်ကြုံဆုံခဲ့ရသည်။ ကိုင်ဇာသည် ယခုအခါ ပထမအကြိမ် မှားမိသော ပြစ်မှုအတွက် ပြစ်ဒဏ်ကိုကျခံနေရင်း ထပ်မံ၍အမှားပေါ်အမှားထပ်ဆင့် ကျူးလွန်ခဲ့မှုကြောင့် သောကပင်လယ်ဝေခဲ့ရသည်။ အတိတ်မှစကာ ယနေ့တိုင်မလှပသော သူ၏အရိပ်များက သူ့စိတ်အစဉ်တွင် ထင်ဟပ်လာခဲ့သည်။ ထိုအခါ အတိတ်သည် သူ၏ဦးနှောက်ထဲတွင် တရေးရေးပေါ်လာပြန်တော့သည်။

အိမ်သဖွယ်ဖြစ်ခဲ့

မယ်လ်ကွန်အူဂီနီကိုင်ဇာကို ၁၉၅၄ ခုနှစ် ဇူလိုင် ၂၀ရက်တွင် အဲရီစီရင်စုအပိုင်ရှိ ကော်ရီဒေသတွင် မွေးဖွားခဲ့သည်။ လူလားမြောက်စ မပြုမီ အသက်ငါးနှစ်၊ ခြောက်နှစ်အရွယ်မှာပင် သူ၏အဖေနှင့်အမေ ကွာရှင်းပြတ်စဲခဲ့ကြသည်။ သူ၏ မိခင်ဖြစ်သူမှာ သူ ကိုးနှစ်သားအရွယ်တွင် နောက်အိမ်ထောင်သစ်ထူခဲ့သည်။ သူ့အနေဖြင့် အမေတူအဖေကွဲညီ လေးယောက်နှင့် ကြီးပြင်းခဲ့ရသည်။ ညီအကြီးသုံးယောက်နှင့်သူ အမြဲတစေ ပဋိပက္ခဖြစ်နေကြရသဖြင့် သူ့စိတ်တွင်မပျော်ရွှင်ခဲ့ပေ။ သို့သော် အမေနှင့်အတူကြာရှည် မနေခဲ့ရပေ။ အိမ်တွင်မပျော်ရွှင်တော့သော ကိုင်ဇာမှာ အနီးအနားမှ တောတွင်းရှိအရိပ်အာဝါသကောင်းသော သစ်ပင်ကြီးများပေါ်တွင် လင့်စင်ဆောက်ကာနေထိုင်၍ သစ်ပင်ကြီးများသည် သူ့အတွက် အိမ်သဖွယ်ဖြစ်ခဲ့တော့သည်။

ကိုင်ဇာအနေဖြင့် ထိုကဲ့သို့ ကြာရှည်မနေခဲ့ရတော့ပေ။ အကြောင်းမှာ သူ၏ဦးလေးဖြစ်သူက သူနေထိုင်ရာအိမ်သို့ ကိုင်ဇာအားခေါ်ဆောင်သွားသောကြောင့် ဖြစ်သည်။ သူ့ဘဝတွင် ဖခင်မရှိသကဲ့သို့ ခံစားရသောကိုင်ဇာမှာ သူ၏ဦးလေးကို ဖခင်အရင်းကဲ့သို့ပင် စိတ်ထဲတွင်ခံယူထားလေသည်။ သူ၏ဦးလေးမှာလည်း သူ့အပေါ်တွင် အထူးဂရုစိုက်၍ ပျော်ရွှင်ခဲ့ရလေသည်။ သို့သော် ထိုအပျော်ကိုသူကြာရှည်စွာ မခံစားလိုက်ရပေ။ သူ၏ဦးလေးနှင့် လေးနှစ်ခန့်အတူနေထိုင်ပြီး သူ ၁၆နှစ်အရွယ်တွင် ဦးလေးဖြစ်သူ ဆုံးပါးသွားခဲ့သည်။ သူ၏ဦးလေးသေဆုံးသည့် ၁၉၇၀ ပြည့်နှစ်မှာပင် စစ်တပ်ထဲသို့ဝင်ခဲ့သည်။

ထောင်တစ်နှစ်ကျ

ကိုင်ဇာ၏တပ်မှာဂျော်ဂျီယာပြည်နယ် မိုဘင်နီဒေသတွင် အခြေစိုက်သည်။ ၁၉၇၄ ခုနှစ်တွင် သူမောင်းနှင်သောကား၏လိုင်စင်မှာ အခြားကားတစ်စီး၏လိုင်စင် ဖြစ်နေမှုနှင့် ဒေါ်လာ ၅၀၀တရားမဝင်ပိုင်ဆိုင်မှုတို့ဖြင့် တရားစွဲဆိုခံရပြီး အဖမ်းခံခဲ့ရသည်။ ထိုအထဲတွင် ကိုင်ဇာသည်တပ်မှခွင့်မယူဘဲ ပျက်ကွက်မှုလည်းပါဝင်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဇူလိုင်လ၌ ကော်ရီမြို့ဝါရင်စီရင်စုတွင် နေထိုင်စဉ် ကျူးကျော်ဝင်ရောက်မှု၊ စော်ကားမှု၊ ရိုင်းပျမှုတို့ဖြင့် ပြစ်မှုထင်ရှား၍ ထောင်တစ်နှစ်ကျခံခဲ့သည်။

၁၉၇၉ ခုနှစ်တွင် ထောင်မှထွက်လာပြီးနောက် ကိုင်ဇာသည် အိမ်ထောင်ပြုခဲ့ပြီး ၁၉၈၀ ပြည့်နှစ် မတ် ၂၁ရက်တွင် သားလေးတစ်ဦး မွေးဖွားခဲ့သည်။ သူနှင့် ဇနီးတို့ ကြာရှည်စွာ မပေါင်းသင်းလိုက်ရပေ။ အကြောင်းမှာ သူ၏ဇနီးသည် အခြားအမျိုးသားတစ်ဦးနှင့် မလွတ်မကင်းဖြစ်သည်ဟု ကိုင်ဇာကယူဆခဲ့ပြီး အိမ်မှထွက်ခဲ့သောကြောင့် ဖြစ်သည်။ ကိုင်ဇာသည် ၁၉၈၁ခုနှစ် ဧပြီလတွင် နယူးအော်ရီလင်းပြည်နယ်ရှိ ရေနံမြေဒေသသို့ အလုပ်ရှာထွက်ခဲ့သော်လည်း နှစ်လခန့်မျှ အလုပ်လုပ်ပြီးနောက် ဇနီးသည်အား သံသယရှိပြီး စိတ်မချသဖြင့် ၁၉၈၁ ခုနှစ် မေလ ၂၆ရက်တွင် သူနေထိုင်ရာ ဇာတိသို့ ခြေဦးပြန်လှည့်ခဲ့သည်။ ဇနီးဖြစ်သူအား စိတ်မချစွာနှင့် အိမ်သို့ပြန်ခဲ့သော ကိုင်ဇာမှာ အဝေးပြေးလမ်းမကြီးအတိုင်း လမ်းလျှောက်လာစဉ် ၁၉၇၉ထုတ် မွန်တီကာလို ကားတစ်စင်း မောင်းနှင်လာသည်ကို တားသဖြင့် ထိုကားပိုင်ရှင်က ရပ်ပေးခဲ့သည်။ သူ့အား ကားရပ်ပေးသူမှာ အသက် ၄၀ အရွယ်ရှိ ဘာနေရေးဖန်တွန် ဖြစ်သည်။ သူသည် လင်မယားကွာရှင်းထားသော ကလေးသုံးယောက်အဖေ တစ်ခုလပ်ဖြစ်သည်။ ဖန်တွန်သည် အိုဟိုင်းယိုးပြည်နယ် ပိုင်ပွန့်မြို့အနီးတွင်နေထိုင်ပြီး အက်ရှ်တာဘူလာမြို့ရှိ ရှော့ခ်ဝဲလ် နိုင်ငံတကာကုန်ထုတ်စက်ရုံတွင် အလုပ်ကြပ်အဖြစ် လုပ်ကိုင်နေသူဖြစ်သည်။ ထိုအချိန်က ကိုင်ဇာမှာ အသက် ၂၇နှစ်သာရှိသေးသည်။

ကိုင်ဇာသည် ဖန်တွန်၏အိမ်သို့လိုက်လံတည်းခိုကာ ၁၉၈၁ ခုနှစ် မေလ ၂၆ရက်အထိ တပူးတွဲတွဲနေထိုင်ခဲ့သည်။ ဖန်တွန်သည် ညနေတိုင်း ဂေါက်သီးရိုက်ကစားလေ့ရှိရာ ကိုင်ဇာ အမြဲတမ်းလိုက်ပါခဲ့သည်။ ၁၉၈၁ ခုနှစ် မေလ၂၆ရက်တွင်မှ ကိုင်ဇာသည် ဖန်တွန်၏ကားကို ရယူလိုစိတ်ပြင်းထန်ကာ လောဘဇောတိုက်ခဲ့မှုကြောင့် ဖန်တွန်အား သတ်ကာ သစ်တောအတွင်းသို့ သယ်ဆောင်မြှုပ်နှံခဲ့သည်။ ထို့နောက် ကိုင်ဇာသည် ဖန်တွန်၏ အိုဟိုင်းယိုးတွင် မှတ်ပုံတင်ထားသောကားကို သူ၏ဇာတိဖြစ်သော အမေရိကန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ပင်ဆယ်ဗေးနီးယားပြည်နယ်သို့ မောင်းနှင်လာခဲ့သည်။

ချမှတ်ခဲ့

ကိုင်ဇာသည် အရက်အလွန်အကျွံသောက်၊ ဆေးခြောက်အရမ်းရှူကာ ထိုကားကို မောင်းနှင်ခဲ့မှုကြောင့် ကားမောင်းစဉ် ခန္ဓာကိုယ်ထဲ၌ သတ်မှတ်ထားသည့် အရက်ရှိသင့်သည့်ပမာဏထက် နှစ်ဆဖြစ်နေသဖြင့် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ထို့ပြင် ဖန်တွန်နှင့် သူ၏ကား ပျောက်နေသည်ကို သတင်းရရှိထားသော ရဲတပ်ဖွဲ့မှာ ကိုင်ဇာကိုဖမ်းမိချိန်တွင် တစ်ချက်ခုတ်နှစ်ချက်ပြတ်ဆိုသကဲ့သို့ ဖြစ်သွားလေသည်။ တရားရုံးက သက်သေအထောက်အထားမရှိ၍ ကိုင်ဇာအား လူသတ်မှုဖြင့် စွဲဆိုနိုင်ခြင်းမရှိသော်လည်း ခိုးမှုဖြင့် ထောင်ဒဏ် ရှစ်နှစ် ချမှတ်ခဲ့သည်။

၁၉၈၁ခုနှစ် ဇူလိုင်လ ၃၁ရက်တွင် ၁၄နှစ်အရွယ် ယောကျ်ားလေးနှစ်ဦးက သစ်တောအတွင်း လမ်းလျှောက်ရာမှ မြေကြီးအတွင်း နစ်ဝင်နေသော ဖန်တွန်၏ရှူးဖိနပ်ကိုတွေ့ခဲ့ရပြီး ရဲတပ်ဖွဲ့က ပတ်ဝန်းကျင်တွင် ဖန်တွန်၏အလောင်းမြှုပ်နှံထားသည်ကို တွေ့ရသည်။ ဖန်တွန်သေပြီး တစ်နှစ်၊ နှစ်လကြာမှ အလောင်းကိုတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ကိုင်ဇာအား ဖန်တွန်၏အလောင်းကိုမတွေ့ရှိမီအထိ စီရင်ချက်ချမှုကို ဆိုင်းငံ့ထားရန် တရားရုံးနှင့် ရဲတပ်ဖွဲ့တို့က သဘောတူညီထားခဲ့ပြီးဖြစ်ရာ လူသတ်မှုကျူးလွန်ကြောင်းဝန်ခံခဲ့သော ကိုင်ဇာကို ခိုးမှု၊ လုယက်မှုအတွက် ထောင်ဒဏ် ရှစ်နှစ်၊ လူသတ်မှုအတွက် ထောင်ဒဏ်တစ်သက်တစ်ကျွန်း စုစုပေါင်းတစ်သက်တစ်ကျွန်းနှင့် ထောင်ဒဏ်ရှစ်နှစ် စီရင်ချက်ချမှတ်ခဲ့သည်။

ကိုင်ဇာသည် ထောင်ဒဏ် ၂၆နှစ်ကျခံပြီး ထောင်စားဖိုဆောင်တွင် လုပ်ကိုင်ရင်းမှ ၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၅ရက်တွင် အမှိုက်ပုံးတွင်ဝင်ပုန်းကာ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ၂၀၀၈ခုနှစ် ဧပြီလ ၆ရက်တွင် သူ၏ဇာတိ ပင်ဆယ်ဗေးနီးယားပြည်နယ် အဲရီစီရင်စုရှိ ပန်းခြံတစ်ခု၌ ဖမ်းမိခဲ့သည်။

မယ်လ်ကွန်အူဂီနီကိုင်ဇာသည် ဇနီးကြောင့်စိတ်ညစ်ကာ အရက်သေစာအလွန်အကျွံသောက်စားခဲ့မှုကြောင့် ပြစ်မှုကြီးကို ကျူးလွန်ခြင်းဖြစ်၍ထောင်ဒဏ်ကျခံနေစဉ်အတွင်း နောင်တမရဘဲ ထွက်ပြေးမှုကြောင့် အပြစ်မှာပိုကြီးသွားပေတော့သည်။ မယ်လ်ကွန်အူဂီနီကိုင်ဇာသည် ပြစ်မှုကျူးလွန်ပြီး ပြစ်ဒဏ်ကျခံနေရင်းမှ ထွက်ပြေးပြီးရာဇဝတ်ဘေးကို ရှောင်ခွာပြေးခဲ့သော်လည်း မလွတ်မြောက်နိုင်သည့်အဖြစ်ကို သင်ခန်းစာယူဖွယ်မှုခင်းဖြစ်ရပ်အဖြစ်ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင် - ကိုးကားရေးဖွဲ့သည်

ထူးခြားဖြစ်စဉ် ကမ္ဘာတစ်ခွင်

- ■ **ဘင်္ဂလားဒေ့ရှ်နိုင်ငံအနောက်မြောက်ပိုင်း တန်ဂေးလ်ခရိုင်ပါဟာရီရာကျေးရွာအနီး ဘင်္ဂလားဒေ့ရှ် လေတပ်မှ တိုက်လေယာဉ်တစ်စင်း ဧပြီ ၉ ရက်က ပျက်ကျခဲ့ရာ လေယာဉ်မှူးအသက်ဘေးမှ လွတ်မြောက်ခဲ့သည်။ (အပေါ်ပုံ)**

- ➢ တရုတ်နိုင်ငံအတွင်း မွန်ဂိုလီးယား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ ဧပြီ ၉ရက်က သစ်တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံများ ဝိုင်းဝန်းငြှိမ်းသတ်ခဲ့ကြသည်။

- ■ **ဗီယက်နမ်နိုင်ငံ ဟန္တိုင်းမြို့အနီး၌ ဧပြီ ၉ ရက်က ရုရှားလုပ် အေအင်န်-၂၆ တိုက်လေယာဉ် တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ်ပါသူငါးဦးစလုံး သေဆုံးခဲ့သည်။**

- ➢ တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ချုံကျင်းမြို့အနောက်တောင်ဘက်ရှိ ကျောက်မီးသွေးသတ္တုမိုင်းတွင်းတစ်တွင်း ရေလွှမ်းမှုဖြစ်ပွားရာ ခုနစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေသည်။

- ■ **စပိန်နိုင်ငံ မက်ဒရစ်မြို့မြောက်ဘက် မိုင်၆၀ ခန့်အကွာ ဒေသများ၌ ဧပြီ ၉ ရက်က ဆီးနှင်းများ ထူထပ်စွာကျဆင်းခဲ့ရာ အချို့နေရာများ၌ ဆီးနှင်းထု လေးပေအထိ မြင့်တက်ခဲ့သည်။**

- ➢ ဆူဒန်နိုင်ငံ ခါတွန်မြို့၌ ဧပြီ၉ရက်က အပူချိန် ၁၁၂ဒီဂရီဖာရင်ဟိုက်အထိ ရှိခဲ့ပြီး အပူလှိုင်း ကျရောက်ခဲ့ရာ လေးဦးသေဆုံးခဲ့သည်။

- ■ **သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့ အရှေ့တောင်ပိုင်း မိုင် ၈၀ခန့်အကွာ ကျေးရွာတစ်ရွာ၌ ဧပြီ ၈ရက်က မြေပြိုမှုဖြစ်ပွားရာ သုံးဦးသေဆုံးပြီး အိမ်နှစ်လုံး ပျက်စီးခဲ့သည်။**

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၉-၄-၂၀၀၈

ကမ္ဘာ့ရေနံစိမ်း ဈေးနှုန်း မြင့်တက်ဆဲ

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းဈေးနှုန်း ဆက်လက် မြင့်တက်လျက်ရှိကြောင်း ရေနံရောင်းနိုင်ငံများအဖွဲ့ (အိုပက်)က သတင်းထုတ်ပြန်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၉ ဒေါ်လာအထိ မြင့်တက်လာကြောင်း အိုပက်မှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

ဂါဇာကမ်းမြောင်ဒေသသို့ အစ္စရေးတို့ ထပ်မံဝင်ရောက်

ဂါဇာကမ်းမြောင်ဒေသအရှေ့တောင်ပိုင်းသို့ အစ္စရေးတပ်ဖွဲ့ဝင်များ၏ စစ်ကားအစီး ၃၀ ခန့် ဝင်ရောက်ကာ ပါလက်စတိုင်းတို့အား ပစ်ခတ်ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြောင်း ပါလက်စတိုင်းအရာရှိများက ပြောကြားသည်။

အစ္စရေးတို့က ထိုသို့စစ်ယာဉ်များနှင့်ဝင်ရောက်ကာ ပါလက်စတိုင်း လက်နက်ကိုင်များဟု သံသယရှိသူ ၁၇ဦးကို ဖမ်းဆီးသွားခဲ့ကြောင်း ၎င်းတို့ကပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်၌ ဓာတ်အားသုံးစွဲမှု လျှော့ချမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဓာတ်အား အခက်အခဲနှင့် ကြုံတွေ့နေရသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချသွားမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်အရာရှိများက ပြောကြားသည်။

အဆိုပါ ဓာတ်အားသုံးစွဲမှုလျှော့ချရေးအစီအစဉ်သည် တစ်နိုင်ငံလုံး၌ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းတို့ကဆက်လက်ပြောကြားသည်။

တရုတ်နှင့် ပီရူး တိုက်ရိုက်လေကြောင်းခရီးစဉ်ပျံသန်းမည်

တရုတ်နှင့်ပီရူးနှစ်နိုင်ငံအကြား တိုက်ရိုက်လေယာဉ်ပျံသန်းမှုကို မကြာမီရက်ပိုင်းအတွင်း စတင်မည်ဖြစ်ကြောင်း တရုတ်လေကြောင်း အရာရှိများက ပြောကြားသည်။

နှစ်နိုင်ငံအကြား ခရီးသွားလုပ်ငန်း တိုးတက်ဖွံ့ဖြိုးရန်အတွက် ယခုကဲ့သို့ တိုက်ရိုက်လေကြောင်းခရီးစဉ် တိုးချဲ့ပျံသန်းခြင်း ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ

ထိုင်းနိုင်ငံတောင်ပိုင်း ယာလာပြည်နယ်တွင် အဝေးထိန်းစနစ်ဖြင့် ဗုံးပေါက်ကွဲမှုကြောင့် ကင်းလှည့်နေသော ထိုင်းတပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ထိုင်းရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ ယာလာပြည်နယ်အတွင်း မော်တော်ယာဉ်ဖြင့် ကင်းလှည့်နေသော ထိုင်းတပ်ဖွဲ့ဝင်များအား ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အီရန်နျူကလီးယား ခြောက်နိုင်ငံ စည်းဝေးမည်

အီရန်၏ နျူကလီးယားအစီအစဉ်နှင့်ပတ်သက်၍ ခြောက်နိုင်ငံ ဆွေးနွေးပွဲကို တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ဧပြီ ၁၆ ရက်၌ ကျင်းပမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။

အဆိုပါ ခြောက်နိုင်ငံမှာ ရုရှား၊ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီနှင့် တရုတ်နိုင်ငံတို့ဖြစ်ကြပြီး အီရန်နျူကလီးယားပြဿနာကို ကိုင်တွယ်ဖြေရှင်းနိုင်မည့် နည်းလမ်းများအား ဆွေးနွေးကြမည်ဖြစ်သည်။

သတင်းမှပေးသော အသိနှင့်သတိပြုဖွယ်

အန္တရာယ်ရှိပစ္စည်းများကို ပေါ့ဆစွာထားရှိလျှင်....

အမေရိကန်နိုင်ငံ မီချီဂန်မြို့တွင် ဧပြီ ၉ ရက်က မတော်တဆဖြစ်ရပ်ကြောင့် အသက်သုံးနှစ်အရွယ် ကလေးငယ်တစ်ဦး သေဆုံးခဲ့ကြောင်း မီချီဂန်မြို့ ရဲတပ်ဖွဲ့ကပြောကြားသည်။

အခင်းဖြစ်ပွားမှုမှာ အဆိုပါသမီးငယ်လေးသည် နေအိမ်ရှိ စားပွဲပေါ်၌အလွယ်တကူ တင်ထားသော ဖခင်ဖြစ်သူ၏ ပစ္စတိုသေနတ်ကို ကိုင်တွယ်ဆော့ကစားခဲ့ရာမှ သေနတ်ကျည်ဆန်ထွက်ကာ သမီးငယ်လေး၏ ဦးခေါင်းကို တည့်တည့်ထိမှန် သေဆုံးခဲ့ခြင်း ဖြစ်သည်။

ဤဖြစ်ရပ်သည်အန္တရာယ်ရှိသော အသုံးအဆောင်ပစ္စည်းများ၊ လက်နက်ကိရိယာများကို အလွယ်တကူပေါ့ဆစွာထားရှိခြင်းကြောင့် ယခုကဲ့သို့ ကလေးငယ်အသက်ဆုံးရှုံးရခြင်းဖြစ်ရာ သင်ခန်းစာယူဖွယ်ပင်ဖြစ်သည်။ **(အင်တာနက်)**

သူတို့အတွေးနှင့် အမြင်

- ✳ ***He who will not be ruled by the rudder, must be ruled by the rock.***

  တက်မဖြင့် ထိန်းသိမ်း၍ မရသူကို ကျောက်ဆောင်ဖြင့် တည့်မတ်ပေးရပေမည်။

  အိုက်ဆက်ဒစ်စရေလီ (အတွေးအခေါ်ပညာရှင်)

- ✳ ***It is the peculiar quality for a fool to perceieve the faults of others, and to forget his own.***

  ပညာမဲ့သောလူရူးလူမိုက်တစ်ဦး၏ ထူးခြားသောအရည်အချင်းမှာ အခြားလူများ၏အပြစ်ကိုသာမြင်ပြီး သူ၏အပြစ်ကိုမူဖုံးကွယ်ထားခြင်းဖြစ်သည်။

  စစ်စီရို(စာရေးဆရာ)

သမိုင်း၌ အရေးပါခဲ့သောဆီရာလီယွန်နိုင်ငံ

သတင်းအက်ဆေး

ဆီရာလီယွန်နိုင်ငံသည် အာဖရိကတိုက် အနောက်ဘက်ကမ်းခြေဒေသ၌ တည်ရှိသည်။ ဤနိုင်ငံ၌ ဆယ်နှစ်ကြာပြည်တွင်းစစ်မှာ ၂၀၀၂ ခုနှစ်တွင် အဆုံးသတ်သွားသည်။ ထောင်ပေါင်းများစွာသော သူပုန်နှင့် ပြည်သူ့စစ်များကို နိုင်ငံခြားတပ်ဖွဲ့ဝင် ၁၇၀၀၀ ကျော်တို့က လက်နက်ဖျက်သိမ်းပေးရသည်။

အာဏာသိမ်း

ဆီရာလီယွန်နိုင်ငံသည် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်က ဗြိတိသျှအစိုးရ တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီဖြစ်ခဲ့သည်။ ၁၉၅၄ ခုနှစ်တွင် ဆီရာလီယွန် ပြည်သူ့ပါတီခေါင်းဆောင် ဆာမီလ်တန်မာရိုင်းအား ဝန်ကြီးချုပ်ခန့်အပ်သည်။ ၁၉၆၁ ခုနှစ်တွင် ဆီရာလီယွန်နိုင်ငံ လွတ်လပ်ရေးရရှိသည်။ ၁၉၆၇ ခုနှစ်တွင် ဝန်ကြီးချုပ် ဆီယာကာစတီဗင်၏ အစိုးရကို စစ်တပ်ကအာဏာသိမ်းသည်။

ကြေညာ

၁၉၆၈ ခုနှစ်တွင် စစ်တပ်က ထပ်မံအာဏာသိမ်းပြီးနောက် ဆီယာကာစတီဗင်သည် အရပ်သားအစိုးရအဖွဲ့ ခေါင်းဆောင်ဖြစ်လာသည်။ ၁၉၇၁ ခုနှစ်တွင် ဆီရာလီယွန်နိုင်ငံကို သမ္မတနိုင်ငံအဖြစ်ကြေညာသည်။ ဆီယာကာစတီဗင် သမ္မတဖြစ်လာခဲ့သည်။

၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တစ်ပါတီစနစ်ကျင့်သုံးပြီး တစ်ခုတည်းသောပါတီမှာ ပြည်သူအားလုံး၏ ကွန်ဂရက် (အေပီစီ) ပါတီဖြစ်သည်။ ၁၉၈၅ ခုနှစ်တွင် စတီဗင် နားသောအခါ ဂျိုးဇက်ဆိုက်ဒူမိုမို သမ္မတဖြစ်လာသည်။ ၁၉၉၁ ခုနှစ်တွင် ပြည်တွင်းစစ်စတင်သည်။ သမ္မတမိုမိုအား ကြည်းတပ်မှ တပ်ကြပ်ဟောင်းဖိုဒေးဆန်ကိုနှင့် သူ၏တော်လှန်သော ညီညွတ်ရေးတပ်ဦး(အာယူအက်ဖ်) ပါတီက တွန်းလှန်ပြီး လိုင်ဘေးရီးယားနိုင်ငံ နယ်စပ်မြို့များကိုသိမ်းသည်။

ရွေးချယ်

၁၉၉၁ခု စက်တင်ဘာတွင် ပါတီစုံစနစ်ကျင့်သုံးရေး ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပြဋ္ဌာန်းသည်။ ၁၉၉၂ ခုနှစ်တွင် ဗိုလ်ကြီးစထရက်ဆာ ဦးဆောင်ပြီး သမ္မတမိုမိုကို ဖြုတ်ချအာဏာသိမ်းသည်။ နိုင်ငံတကာဖိအားကြောင့် စထရက်ဆာ ပါတီစုံရွေးကောက်ပွဲကျင်းပရေးအစီအစဉ်ကို ကြေညာလိုက်သည်။ ၁၉၉၆ ခုနှစ် ဇန်နဝါရီလတွင် သမ္မတစထရက်ဆာအား ကာကွယ်ရေးဝန်ကြီးဗိုလ်မှူးချုပ်ဂျူလီယပ်မာဒါ ဦးဆောင်သည့် စစ်တပ်ကအာဏာသိမ်း ဖယ်ရှားလိုက်သည်။ ထိုနှစ်အတွင်းတွင် အာမက်တေဂျန်ကာဘာ သမ္မတအဖြစ်ရွေးချယ်ခံရသည်။ ၁၉၉၇ ခုနှစ် မေလတွင် သမ္မတကာဘာအား စစ်တပ်ကအာဏာသိမ်းပြန်သည်။ သမ္မတကာဘာ ဂီနီနိုင်ငံသို့ ထွက်ပြေးသည်။

၁၉၉၈ ခုနှစ် ဖေဖော်ဝါရီတွင် နိုင်ဂျီးရီးယားဦးဆောင်သည့် အနောက်အာဖရိက ဝင်ရောက်ကူညီရေးတပ်(အီကိုမော့)က ဖရီးတောင်းမြို့ကိုဝင်စီးပြီး သူပုန်များကို မောင်းထုတ်သည်။ ၁၉၉၈ ခု မတ်လတွင်သမ္မတဟောင်းကာဘာ ဖရီးတောင်းမြို့တော်သို့ ပြန်လာသည်။

လက်မခံနိုင်

၁၉၉၉ ခုဇန်နဝါရီတွင် အာယူအက်ဖ်ခေါင်းဆောင်ဖိုဒေးဆန်ကိုအား ထောက်ခံသည့် သူပုန်များက ဖရီးတောင်းမြို့၏ အချို့အပိုင်းများကို အီကိုမော့တပ်တို့ထံမှ သိမ်းယူသည်။ ရက်သတ္တပတ်အတန်ကြာတိုက်ပွဲဖြစ်သဖြင့် လူ ၅၀၀၀ခန့်သေပြီး၊ မြို့တော်မှာလည်း အထိနာသွားသည်။ ထိုနှစ်မေလတွင် အပစ်အခတ်ရပ်ရန် သဘောတူသည်။ ထိုနှစ်ဇူလိုင်လတွင် တိုဂိုနိုင်ငံ လိုမေမြို့တော်၌ ငြိမ်းချမ်းရေးသဘောတူညီမှု ရရှိသည်။ ထိုနှစ် နိုဝင်ဘာ၊ ဒီဇင်ဘာတွင် ငြိမ်းချမ်းရေးသဘောတူညီမှုကြီးကြပ်ရန် ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များရောက်လာသည်။ သို့သော် သူပုန်ခေါင်းဆောင်တစ်ဦးဖြစ်သူ ဆမ်ဘိုကာရီက လက်မခံနိုင်ဟုဆိုသည်။

သဘောတူ

၂၀၀၀ပြည့်နှစ် မေလတွင် သူပုန်ခေါင်းဆောင်ဖိုဒေးဆန်ကိုအား ဖမ်းမိသည်။ ၂၀၀၁ ခုနှစ် မတ်လတွင် သူပုန်နယ်မြေအတွင်း ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်များစတင်ဖြန့်ကြက်သည်။ ထိုနှစ် မေလတွင် သူပုန်တို့ လက်နက်ဖြုတ်သိမ်းရေးစတင်ပြီး ဆီရာလီယွန်တပ်ဖွဲ့ဝင်များကို စတင်ဖြန့်ကြက်သည်။ ၂၀၀၂ ခုနှစ် ဇန်နဝါရီတွင် တိုက်ခိုက်ရေးသမား ၄၅၀၀၀ တို့ကို လက်နက်ဖြုတ်သိမ်းပြီး အစိုးရနှင့် ကုလသမဂ္ဂတို့က စစ်ရာဇဝတ်ခုံရုံးဖွဲ့ရန် သဘောတူသည်။

၂၀၀၂ခု မေလ ရွေးကောက်ပွဲတွင် အာမက်ကာဘာ အနိုင်ရသည်။ ဗြိတိသျှတပ်များလည်း ပြည်တွင်းစစ် အဆုံးသတ်ရန် နှစ်နှစ်ကြာကူညီပြီးနောက် ၂၀၀၂ခုနှစ် ဇူလိုင်လတွင် ဆီရာလီယွန်မှ ထွက်ခွာသွားခဲ့သည်။

၂၀၀၃ ခုနှစ် ဩဂုတ်လတွင် စစ်ရာဇဝတ်မှု ရင်ဆိုင်ရန် စောင့်ဆိုင်းစဉ် သူပုန်ခေါင်းဆောင် ဖိုဒေးဆန်ကို သေဆုံးသွားသည်။ ၂၀၀၄ခုနှစ် ဇွန်လတွင် စစ်ရာဇဝတ်မှုများ စတင်စစ်ဆေးသည်။

ဤနိုင်ငံ၌ စစ်ဖြစ်ခဲ့ရမှုကြောင့် ထောင်ပေါင်းများစွာသော ပြည်သူတို့ အသက်ဆုံးရှုံးရသည်။ သူပုန်တို့၏ ရက်စက်မှုကြောင့် သူတို့လက်ထဲ ရောက်လာသူတိုင်းကို ခြေဖြတ်၊ လက်ဖြတ်ပစ်ကာ ညှဉ်းပန်းနှိပ်စက်သည်။ ထိုရက်စက်မှု ကျူးလွန်သူတို့အား ကုလသမဂ္ဂထောက်ခံသည့် စစ်ရာဇဝတ်ရုံးက စစ်ဆေးအရေးယူသည်။

ပြည်တွင်းစစ်၏ အနိဋ္ဌာရုံကြောင့် ဆင်းရဲမွဲတေမှု၊ အဂတိလိုက်စားမှု၊ စီးပွားရေးကျဆင်းမှုတို့နှင့် ရင်ဆိုင်နေရသည်။

ကျွန်ကုန်ကူးမှုတွင် ဤနိုင်ငံသည် သမိုင်းနှင့်ချီ၍ အရေးပါခဲ့သည့် နိုင်ငံဖြစ်သည်။ ဤနိုင်ငံသည် စိန်ထွက်သည့်နိုင်ငံဖြစ်သည်သာမက အခြားသဘာဝတွင်းထွက် သယံဇာတများလည်းထွက်သည်။ ထို့ကြောင့် သူပုန်ကင်းရှင်းသည့်အလျောက် ပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ကိုင်အောင်မြင်မည့်အလားအလာများ ရှိနေသည်။ ။

(ကိုးကား-အင်တာနက်) *တိုး - ရေးသားသည်*

ဆီရာလီယွန်နိုင်ငံသည် ၁၈၀၀ ပြည့်နှစ်ဝန်းကျင်က ဗြိတိသျှအစိုးရ တိုက်ရိုက်အုပ်ချုပ်သည့် ကိုလိုနီ ဖြစ်ခဲ့၊ ၁၉၅၄ ခုနှစ်တွင် ဆီရာလီယွန် ပြည်သူ့ပါတီခေါင်းဆောင် ဆာမီလ်တန်မာရိုင်းအား ဝန်ကြီးချုပ် ခန့်အပ်၊ ၁၉၆၁ ခုနှစ်တွင် ဆီရာလီယွန်နိုင်ငံ လွတ်လပ်ရေးရရှိ၊ ၁၉၆၇ ခုနှစ်တွင် ဝန်ကြီးချုပ် ဆီယာကာစတီဗင်၏ အစိုးရကို စစ်တပ်ကအာဏာသိမ်း၊

ဓာတုလက်နက်ကင်းမဲ့သော ကမ္ဘာကြီးဖြစ်ရေး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တိုက်တွန်း

ဂျီနီဗာ ဧပြီ ၉

ဓာတုလက်နက်ကင်းမဲ့သော ကမ္ဘာကြီးဖြစ်ရေး အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ရှေ့သို့ ဆက်လက်ပူးပေါင်းလုပ်ဆောင်သွားကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း (အပေါ်ပုံ)**က ဧပြီ ၇ရက်တွင် တိုက်တွန်းဆော်သြလိုက်သည်။**

ဓာတုလက်နက် ပိုင်ဆိုင်သော အဖွဲ့ဝင်နိုင်ငံများသည် လက်ရှိဓာတုဗေဒ လက်နက်ပိုင်ဆိုင်မှုများအပေါ် ပြန်လည်သုံးသပ်သွားရမည်ဖြစ်ကြောင်း၊ ထိုနေ့အစောပိုင်းက လက်နက်ဖျက်သိမ်းရေးဆိုင်ရာ ကွန်ဖရင့် ဒုတိယအတွင်းရေးမှူးချုပ် တင်ကောဂျလေက သဝဏ်လွှာတစ်စောင်ပေးပို့ခဲ့သည်။

ဖျက်ဆီး

အဆိုပါ ဓာတုလက်နက် ဖျက်သိမ်းရေးဆိုင်ရာ ကွန်ဖရင့်ကြောင့် ဓာတုလက်နက် တန်ချိန် ၂၇၀၀၀နှင့် ဓာတုခဲယမ်းမီးကျောက်တန်ချိန် ၂ဒသမ၉သန်းတို့ကို ဖျက်ဆီးနိုင်ခဲ့ကြောင်း ၎င်းက မှတ်ချက်ပြု ပြောကြားသည်။

အသိအမှတ်ပြု

မိမိတို့သည် ထိုလက်နက်များ ဖျက်ဆီးနိုင်မှုအတွက် အသိအမှတ်ပြုကြရမည်ဖြစ်ကြောင်း၊ ဓာတုလက်နက်မပြန့်ပွားရေးအတွက် အဓိကကျသည့် ဆောင်ရွက်ချက်ပင်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။

တိုက်တွန်း

အဖွဲ့ဝင်နိုင်ငံများအနေဖြင့် အန္တရာယ်ကြီးမားသော ဓာတုလက်နက်များ ဖယ်ရှားပြီး ဓာတုလက်နက်ကင်းမဲ့သော ကမ္ဘာကြီးအဖြစ် နှစ်ဆကြိုးပမ်းဆောင်ရွက်သွားကြရန် ၎င်းက တိုက်တွန်းလိုက်သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ကန်တပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ရုပ်သိမ်းရေး ဟီလာရီနှင့် အိုဘားမားတို့ ကတိမပေးသင့်ကြောင်းဝေဖန်

ဝါရှင်တန် ဧပြီ ၉

အီရတ်မှ အမေရိကန်တပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းပေးမည်ဟု ဒီမိုကရက်တစ်ပါတီမှ သူ၏ပြိုင်ဘက်များဖြစ်ကြသည့် ဟီလာရီကလင်တန်နှင့် အိုဘားမားတို့က မဆင်မခြင် ကတိများပေးနေကြကြောင်းဖြင့် ရီပတ်ဘလီကင်ပါတီမှ အထက်လွှတ်တော်အမတ် ဂျွန်မက်ကိန်း(ဝဲပုံ)**က ဝေဖန်ပြောကြားလိုက်သည်။**



နိုဝင်ဘာ၄ရက်တွင် ကျင်းပမည့် အမေရိကန်ရွေးကောက်ပွဲ၌ ဂျွန်မက်ကိန်းနှင့် ယှဉ်ပြိုင်ရေးအတွက် အိုဘားမားနှင့် ဟီလာရီကလင်တန်တို့နှစ်ဦးသည်အကြိတ်အနယ်မဲဆွယ်စည်းရုံးလျက်ရှိသည်။

ဝေဖန်

အီရတ်ရှိ အမေရိကန်တပ်များ၏ တပ်မှူးကြီး ဗိုလ်ချုပ်ကြီး ဒေးဗစ်ပက်ထရီယပ် အမေရိကန်ကွန်ဂရက်၌ အီရတ်စစ်ပွဲအခြေအနေမတင်ပြမီ ဂျွန်မက်ကိန်းက စစ်ပြန်များ ညီလာခံ၌မိန့်ခွန်းပြောစဉ် ထိုသို့ထည့်သွင်းဝေဖန်လိုက်ခြင်း ဖြစ်သည်။

ပြောကြား

ရွေးချယ်တင်မြှောက်ခံရလျှင် ကတိအတိုင်း ဆောင်ရွက်မပေးနိုင်ပါဘဲလျက် သမ္မတလောင်းတစ်ဦးအနေဖြင့် ကတိကဝတ်မပေးသင့်ဟု ထင်မြင်ယူဆမိကြောင်း ဂျွန်မက်ကိန်းကပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံနှင့် နယူးဇီလန်နိုင်ငံတို့ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူစာချုပ်

ပေကျင်း ဧပြီ ၉

တရုတ်နှင့် နယူးဇီလန် နှစ်နိုင်ငံ၏ လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီမှုစာချုပ်ကို ဧပြီ၇ရက်က ပေကျင်းမြို့၌ တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် နယူးဇီလန် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးတို့က လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနား၌ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့သည် နှစ်နိုင်ငံရေးရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တိုးမြှင့်

နှစ်နိုင်ငံအကြား အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေးနှင့် ချစ်ကြည်ရင်းနှီးမှု ဖော်ဆောင်သွားမည်ဖြစ်ပြီး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုတိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံအကျိုးအမြတ် ဖြစ်ထွန်းမှုကို လက်တွေ့ဆောင်ရွက်သွားရန် ဝမ်က ထည့်သွင်းပြောကြားသွားသည်။

ဆွေးနွေး

၂၀၀၄ခုနှစ် ဒီဇင်ဘာလနှင့်၂၀၀၇ခုနှစ် ဒီဇင်ဘာလအတွင်း နှစ်နိုင်ငံအနေဖြင့် လွတ်လပ်စွာကုန်သွယ်မှု ဆောင်ရွက်ရန် စေ့စပ်ဆွေးနွေးခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

ဇင်ဘာဘွေရွေးကောက်ပွဲ အရာရှိငါးဦး သမ္မတမူဂါဘီအတွက် မဲလျှော့ရေတွက်မှုဖြင့် အဖမ်းခံထားရ

ဟာရာရေး ဧပြီ ၉

ပြီးခဲ့သည့်လက ကျင်းပသည့် ရွေးကောက်ပွဲတွင် သမ္မတမူဂါဘီအတွက် မဲလျှော့ရေတွက်မှုဖြင့် အနည်းဆုံး ရွေးကောက်ပွဲ အရာရှိငါးဦးကို ဇင်ဘာဘွေရဲတပ်ဖွဲ့က ဖမ်းဆီးထားသည်။

တိုက်တွန်းပြောကြား

လိမ်လည်မှုသည် ပြစ်မှုမြောက်လောက်အောင် တာဝန်ဝတ္တရား အလွဲသုံးစားမှု စွဲချက်များအတင်ခံရသူ ရွေးကောက်ပွဲ အရာရှိများအား သမ္မတမူဂါဘီထံမှ မဲအရေအတွက် ၅၀၀၀ နီးပါး နုတ်ယူခဲ့သည်ဟု စွပ်စွဲထားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဇင်ဘာဘွေရွေးကောက်ပွဲရလဒ်များ အမြန်ထုတ်ပေးရန် နိုင်ငံတကာက တိုက်တွန်းနေသကဲ့သို့ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း တိုက်တွန်းပြောကြားလိုက်သည်။

ကြိုးပမ်း

အတိုက်အခံ အမ်ဒီစီပါတီက သူတို့ခေါင်းဆောင်မော်ဂန်ရှန်ဂီရိုင်း သမ္မတရွေးကောက်ပွဲ၌ လွတ်လွတ်ကျွတ်ကျွတ် အနိုင်ရသည်ဟုကြေညာသည်။ သို့သော် မူဂါဘီ၏ ဇာနူပီအက်ဖ်ပါတီက မဲပြန်ရေတွက်ရေး ကြိုးပမ်းနေသည်။

တရားရုံးချုပ်တရားသူကြီးက သူ့ရုံးအနေဖြင့် ဤအမှုကိုစီရင်ပိုင်ခွင့်မရှိဟုဆိုကာ ရွေးကောက်ပွဲကော်မရှင်၏ ထုချေချက်ကို ပယ်ချလိုက်သည်။ **(အင်တာနက်)**

အာဏာခွဲဝေအုပ်ချုပ်ရေး ဆွေးနွေးမှုရပ်ဆိုင်း နိုင်ရိုဘီမြို့၌ အကြမ်းဖက်မှု ပြန်လည်ဖြစ်ပွား

နိုင်ရိုဘီ ဧပြီ ၉

ကင်ညာနိုင်ငံ၌ အတိုက်အခံနှင့် အစိုးရတို့ အာဏာခွဲဝေအုပ်ချုပ်ရန် ဆွေးနွေးမှု ရပ်ဆိုင်းခဲ့ပြီး နောက်တစ်ရက်အကြာ ဧပြီ ၈ ရက်က အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။

မီးရှို့

ထိုသို့ ဆွေးနွေးမှုကို ရပ်ဆိုင်းလိုက်ပြီးနောက် အတိုက်အခံထောက်ခံသူများက လမ်းများကို ပိတ်ဆို့မီးရှို့ကာ ရဲများအား ခဲဖြင့်ပစ်ပေါက်ခဲ့သည်ဟု ဆိုသည်။

အတိုက်အခံခေါင်းဆောင် အိုဒင်ဂါက အစိုးရဝန်ကြီးအဖွဲ့တွင် အာဏာခွဲဝေအုပ်ချုပ်ရန် ညှိနှိုင်းမှုမအောင်မြင်ခဲ့၍ သမ္မတကီဘာကီနှင့် ဆွေးနွေးမှုကို ရပ်သိမ်းလိုက်သည်။

မစ္စတာအိုဒင်ဂါက သမ္မတ ကီဘာကီအား အာဏာခွဲဝေအုပ်ချုပ်ရန် သဘောတူညီထားသော်လည်း အာဏာကို အပြည့်အဝချုပ်ကိုင်ထားဆဲဖြစ်ကြောင်း စွပ်စွဲလိုက်သည်။ **(အင်တာနက်)**

ကြက်ငှက်တုပ်ကွေးကာကွယ်ရေး

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်း တရီပူရာပြည်နယ် မြို့တော် အဂါတာလာအနီးရှိ ကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများက ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းဆောင်ရွက်နေမှုကို ဧပြီ ၈ရက်က တွေ့ရစဉ်။

(အိန္ဒိယနိုင်ငံအတွင်း ဧပြီ ၈ရက်မှစတင်ကာ ကြက်ငှက်တုပ်ကွေးရောဂါကြောင့် ကြက်ကောင်ရေ ထောင်ပေါင်းများစွာကို သုတ်သင်ရှင်းလင်းခဲ့ကြောင်း သိရသည်။) **(အင်တာနက်ဓာတ်ပုံ)**

အီရတ်၌ တိုက်ခိုက်မှုဖြစ်ပွား ပြည်သူ ၁၀ဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော် အရှေ့မြောက်ပိုင်းရှိ ဒီယာလာပြည်နယ်တွင် ဧပြီ ၈ရက်က သီးခြားစီဖြစ်ပွားသော တိုက်ခိုက်မှုများ၌ အီရတ်ပြည်သူ ၁၀ဦး သေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားခဲ့သည်။

သေဆုံး

ဘဂ္ဂဒက်မြို့ အရှေ့မြောက်ပိုင်း၌ ခရီးသည်များတင်ဆောင်လာသော ဘတ်စ်ကားအနီး လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ကလေးငယ်ငါးဦးနှင့် အမျိုးသမီးနှစ်ဦးမှာ သေဆုံးခဲ့ရပြီး ဒီယာလာပြည်နယ်တွင် အကြမ်းဖက်တပ်ဖွဲ့ဝင်များက နေအိမ်တစ်အိမ်အားဝင်ရောက်တိုက်ခိုက်ပြီး မိသားစုဝင်သုံးဦးသေဆုံးခဲ့သည်။ **(အင်တာနက်)**

အသက်ကြီးဆုံး တောင်တက်သမားဖြစ်လာရန် ဂျပန်အမျိုးသား ဧဝရတ်တောင်တက်ရောက်မည်

တိုကျို ဧပြီ ၉

အသက်၇၅နှစ်ရှိ ဂျပန်အမျိုးသား တောင်တက်သမားတစ်ဦးသည် ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်သည့် ကမ္ဘာ့အသက်အကြီးဆုံး အမျိုးသားတောင်တက်သမားဖြစ်လာရန် စီစဉ်လျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

အဆိုပါအမျိုးသား၏ အမည်မှာ ယူအိချိရော မီယာရာ(အပေါ်ပုံ)**ဖြစ်သည်။ ၎င်းသည် မူလက နီပေါနိုင်ငံဘက်မှ ဧဝရက်တောင်ကို တက်ရန်စီစဉ်ထားသော်လည်း တရုတ်နိုင်ငံ တိဗက်ဒေသမှ လမ်းကြောင်းပြောင်းတက်သွားမည်ဟု ဆိုသည်။**

တက်ရောက်

မစ္စတာမီယာရာသည် ၂၀၀၃ခုနှစ်က အသက်၇၀အရွယ်တွင် ပထမဆုံး အသက်အကြီးဆုံး အမျိုးသားတောင်တက်သမားအဖြစ် စံချိန်တင်တက်ရောက်နိုင်ခဲ့သည်။

မီယာရာသည် ဧပြီ ၆ရက်က ဧဝရက် တောင်ထိပ်သို့ တက်ရောက်နိုင်ရန်အတွက် နီပေါအစိုးရထံ တင်ပြခဲ့ကြောင်း ၎င်း၏သမီးဖြစ်သူ အီမီလီမီယာရာက ပြောကြားသည်။

အသက် ၃၈နှစ်အရွယ်ရှိ ၎င်း၏ သားဖြစ်သူ ဂိုတာမီယာရာလည်း တောင်တက်ရာတွင် လိုက်ပါတက်ရောက်မည်ဟု ဆိုသည်။ (အင်တာနက်)

မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ် ဥက္ကဋ္ဌနှင့် သီရိလင်္ကာနိုင်ငံတို့ စက်မှုလက်မှုနည်းပညာရပ်များ ပူးပေါင်းဆွေးနွေး

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံမှ Hon. Mr. Sarath Ekanayake (Chief Minster, Central Province District of Kandy)တို့သည် မတ် ၂၀ရက်က ရန်ကုန်မြို့ရှိ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၌ တွေ့ဆုံကြရာ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်း၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါက်တာမောင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးထွန်းအောင်၊ အလုပ်အမှုဆောင်အဖွဲ့ဝင် ဦးမျိုးသန့်၊ Chief Minister's Office မှ Mr. U.P.F Saranawarige, Mr. J.S Navaratne နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံရုံးမှ သံမှူး Mrs. H.M. G.R.R.K Wijeratne Mendis တို့ တက်ရောက်ကြသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအခွင့်အလမ်းများကိစ္စ၊ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်၍ စီးပွားရေးလုပ်ငန်းကိစ္စများ ဆွေးနွေးရေးကိစ္စ၊ ကုန်စည်ပြပွဲများ အပြန်အလှန်ပါဝင် ဝင်ရောက်ပြသရေးကိစ္စနှင့် စက်မှုလက်မှုလုပ်ငန်းများတွင် နည်းပညာရပ်များ ပူးပေါင်းဆောင်ရွက်ရေးကိစ္စတို့ကို ဆွေးနွေးကြကြောင်း သိရသည်။ (အပေါ်ပုံ) (သတင်းစဉ်)

အာရှဘိလိယက်နှင့်စနူကာပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

ရန်ကုန် ဧပြီ ၉

(၇)ကြိမ်မြောက် အာရှ ဘိလိယက်နှင့် စနူကာပြိုင်ပွဲများကို ယနေ့ မွန်းလွဲပိုင်းက ကန်တော်ကြီး ပဲလေ့စ်ဟိုတယ်တွင် ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံမှ ဘိလိယက်အားကစားသမားများဖြစ်ကြသည့် ကျော်ဦး၊ အောင်ဆန်းဦးနှင့် အောင်ဌေးတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

ကွာတားဖိုင်နယ်

စနူကာပြိုင်ပွဲတွင် ဝင်းခိုင်၊ ဟိန်းလွင်မိုး၊ ဇော်ဝင်းချိုနှင့် ဒေါက်တာနိုင်လင်းသူတို့ အနိုင်ရရှိပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။

ထူးခြားသည့်ပြိုင်ပွဲအနေဖြင့် ဘိလိယက်ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံဖြစ်ခဲ့ဖူးပြီး စင်ကာပူနိုင်ငံသား ခံယူထားသည့် **Peter Gilchrish** အား အနိုင်ရရှိပြီး အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

မြန်မာနိုင်ငံမှ ကျော်ဦးသည်လည်း ဘိလိယက်ပြိုင်ပွဲတွင် ကမ္ဘာ့ချန်ပီယံ ရှစ်ကြိမ်ဖြစ်ခဲ့ဖူးသည့် အိန္ဒိယနိုင်ငံသား **Geet Sath** ကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိပြီး အုပ်စု(ခ)တွင် အုပ်စုပထမဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ **Geet Sath** က အုပ်စုဒုတိယဖြင့် ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။

သေချာ

အုပ်စု(ဂ)တွင် မြန်မာနိုင်ငံမှ အောင်ဌေးသည် လက်ရှိ ငါးပွဲအနိုင်ရရှိထားပြီး အုပ်စုတွင်းမှ လက်ရှိကမ္ဘာ့ချန်ပီယံ ရူပိရှား(အိန္ဒိယ)နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်း ကွာတားဖိုင်နယ် တက်ရန် သေချာနေသည်။

အာရှချန်ပီယံ

အုပ်စု(ဃ)တွင် အာရှချန်ပီယံ နှစ်ကြိမ်ဖြစ်ဖူးသူ အဒ်ဗာနီ(အိန္ဒိယ)က အုပ်စုပထမ၊ ကမ္ဘာ့ချန်ပီယံ နှစ်ကြိမ်၊ အာရှချန်ပီယံ နှစ်ကြိမ်ဖြစ်ဖူးသူ ပရာပွတ်(ထိုင်း)နိုင်ငံတို့က အုပ်စု ဒုတိယဖြင့် ကွာတားဖိုင်နယ်အဆင့်သို့ တက်သွားသည်။

သတင်းမှတ်စု
သိန်းဝင်းလေး
(မြန်မာ့အလင်း)

ဆက်လက်ကျင်းပ

စနူကာပြိုင်ပွဲတွင် မြန်မာ့မျိုးဆက်သစ် အားကစားသမားများဖြစ်သည့် ဝင်းခိုင်၊ ဟိန်းလွင်မိုး၊ ဇော်ဝင်းချိုနှင့် ဒေါက်တာနိုင်လင်းသူတို့ ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီး ပြိုင်ပွဲများကို ယနေ့ ဆက်လက် ကျင်းပမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ကြူးဇက် ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ပြင်ဦးလွင်မြို့ ကြူးဇက် ကျောင်းသား ကျောင်းသူဟောင်းများ၏ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဧပြီ ၂၆ရက်(စနေနေ့) ညနေ ၃နာရီတွင် ပြင်ဦးလွင်မြို့ Royal Diamond ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ အမြန်ဆက်သွယ်လှူဒါန်းကြရန်နှင့် တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ပေးပို့

၂၀၀၆-၂၀၀၇ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော သားသမီးများ၏ အမှတ်စာရင်း မိတ္တူ၊ဓာတ်ပုံတို့ကို ဦးဇော်ထွဏ်း (ပြင်ဦးလွင်) ဖုန်း-၀၈၅-၂၉၁၉၂၊ ဒေါ်ကြည်ကြည်ဝင်း (ရွှေကြီး၊ မန္တလေး) ဖုန်း-၀၂-၈၈၅၇၃၊ ဦးဝင်းနိုင် Salim-ဒေါ်ဆွေဆွေသန်း (နားကြားကိရိယာရောင်းဝယ်ရေး၊ ရန်ကုန်) ဖုန်း-၀၉-၅၁-၆၆၄၁၆နှင့် ၀၁-၂၄၀၈၄၈ တို့သို့ ပေးပို့နိုင်ကြောင်း သိရသည်။ (က-ပ)

မဟာဝိဇယစေတီတော်ကြီးရှိ မြတ်စွာဘုရားအား ဘာနုရာဇာနေမင်းကြီးက ဦးခိုက်ပူဇော်မည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်း ဓမ္မရက္ခိတကုန်းပေါ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မဟာဝိဇယစေတီတော်ဂန္ဓကုဋီတိုက်အတွင်းရှိ အပရာဇိတပလ္လင်ပေါ်၌ သီတင်းသုံးစံပယ်လျက်ရှိသည့် နာဂစီဝရာပဋ္ဋပဋိမာမြတ်စွာဘုရား ဆင်းတုတော်မြတ်ကို ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာနုရာဇာနေမင်းကြီးသည် မိမိ၏အလင်းရောင်ဖြင့် တစ်နှစ်တွင် တစ်လ၊ တစ်လတွင် တစ်ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် ဦးတန်ခူးလဆန်း ၁၂ရက်၊ မြန်မာနှစ်ဆန်း ၁ရက်၊ ခရစ်သက္ကရာဇ် ၂၀၀၈ခုနှစ် ဧပြီ ၁၇ရက် နံနက် ၈နာရီ ၃၅မိနစ်တွင် တစ်ကြိမ်၊ ထိုနေ့ညနေ ၃နာရီ ၂၅မိနစ်တွင် တစ်ကြိမ် စုစုပေါင်း နှစ်ကြိမ်တိုင်တိုင် ဦးခိုက်ပူဇော်မည်ဖြစ်သည်။

နေမင်းကြီးက မြတ်စွာဘုရားသခင်အား အလင်းရောင်ဖြင့် ဦးခိုက်ပူဇော်ချိန်တွင် ဗုဒ္ဓဘာသာဝင် သူတော်စင်များအနေဖြင့် မြတ်စွာဘုရားအား ပူဇော်၍ ဆုတောင်းအဓိဋ္ဌာန်ပြုကြသူများ အဓိဋ္ဌာန်အောင်မြင်ပြီး ဆုတောင်းပြည့်ဝနိုင်ကြသည့်အတွက် ထူးမြတ်လှသော အချိန်အခါတွင် မဖူးလိုက်ရ မရှိရလေအောင် သွားရောက်ဖူးမြော် ကြည်ညိုနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပသုံးလုံးဝိပဿနာပြန့်ပွားရေး အဖွဲ့ချုပ် ဆွမ်းပဒေသာပင်အတွက် နှစ်ဖက်သော မိဘများဖြစ်ကြသော ဦးကျန်စာ-ဒေါ်ဂေတွမ်နှင့် ဦးယုကြည်-ဒေါ်ဟိုတို့အား ရည်စူး၍ အမေရိကန်နိုင်ငံမှ ဦးမြင့်လွင်-ဒေါ်အေးအေးနွယ် မိသားစု ကိုယ်စား ဦးမြင့်ဇင် (လဝက၊ ငြိမ်း)က အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ဥက္ကဋ္ဌ ဒေါက်တာကံညွန့် လက်ခံယူစဉ်။

(က-ပ)

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းဆင်းပွဲများကျင်းပ

ရန်ကုန် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းအောင်သည် ဧပြီ ၄ရက် နံနက် ၈နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ် (၁၉)၊ ဟင်းလျာချက်ပြုတ်ရေးသင်တန်း အမှတ်စဉ်(၂) သင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားသည်။

ဆုများချီးမြှင့်

ထို့နောက် ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်းအမှတ်စဉ်(၁၉)တွင် စံပြသင်တန်းသူ ဆုရရှိသူ ဒေါ်မျိုးသီရိကျော်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် စာပေထူးချွန်ဆု ရရှိသူ ဒေါ်လှုံးလိန်း၊ ဟင်းလျာချက်ပြုတ်ရေး သင်တန်းအမှတ်စဉ်(၂)တွင် စံပြသင်တန်း သင်တန်းသူ ဆုရရှိသူ ဒေါ်ပပလွင်တို့အား ထူးချွန်ဆုများချီးမြှင့်ခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသူ ကိုယ်စားလှယ်များသို့ ပေးအပ်သည်။

ဘဏ္ဍာရေးစည်းမျဉ်း အထူးသင်တန်း အမှတ်စဉ်(၁၉)သို့ နေပြည်တော် စည်ပင်သာယာရေးကော်မတီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန စည်ပင်သာယာရေးဦးစီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနတို့မှ သင်တန်းသူ ၉၄ဦး ၊ ဟင်းလျာချက်ပြုတ်ရေး သင်တန်းအမှတ်စဉ်(၂)သို့ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၃၀၊ စုစုပေါင်း သင်တန်းသူ ၁၂၄ဦး တက်ရောက် အောင်မြင်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခြောက်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

စျေးကျောင်းဆရာတော်ကြီး၏ စာရေးတံမဲအလှူမင်္ဂလာ

ရန်ကုန် ဧပြီ ၉

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် ညောင်တုန်းမြို့ ပုဏ္ဏာမာရာမစျေးကျောင်းတိုက် ပဓာန နာယကဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသဘိဝံသ၏ (၂၈)ကြိမ်မြောက် စာရေးတံမဲအလှူတော်မင်္ဂလာ အခမ်းအနားကို ၁၃၇၀ပြည့်နှစ် တန်ခူးလဆန်း ၁၂ရက် (နှစ်ဆန်းတစ်ရက်) ဧပြီ ၁၇ရက် နံနက် ၅နာရီတွင် အဆိုပါကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ မြို့ပေါ် ရပ်ကွက်အသီးသီးမှ ပင့်သံဃာအရှင်မြတ်များအား ပင့်ဖိတ်၍ အရဏ်ဆွမ်းနှင့်တကွ သင်္ကန်းပရိက္ခရာအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ကို စာရေးတံမဲကျရာ ဆက်ကပ်လှူဒါန်းမည်ဟု သိရသည်။ (မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၁၀-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	ခါသကြီန်အဆိုအကများ
၇း၅၅	၅။	လှုပ်ရှားပုံပြင် စိတ်ပျော်ရွှင်
၈း၁၀	၆။	တေးဂီတအစီအစဉ်
၈း၃၀	၇။	International News.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၀	၂။	နားဝင်ပီယံ သူ့လက်သံ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၄း၃၀	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ အထူးပြုများ) (ဓာတုဗေဒ)
၄း၄၅	၅။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၅၀	၆။	ခါသကြီန် အဆိုအကများ
၅း၀၀	၇။	ကြေးမုံရိပ်သွင်တေးနှယည်
၅း၂၅	၈။	ကြယ်ပွင့်များရဲ့ ရင်ခုန်သံ
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	**ကြိုဆိုလျက်ပါ** နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်၊ ၄က်ပျောကြော်၊ သင်ဇာဝင့်ကျော်၊ မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန် ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၆း၅၀	၁၂။	ခါသကြီန်အဆိုအကများ
၇း၀၅	၁၃။	နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၂၂)
၇း၅၅	၁၄။	အခြေခံဥပဒေသစ်နှင့် ပြည်ထောင်စုစနစ်(အပိုင်း-၂)
၈း၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	တေးဂီတအစီအစဉ်
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၅)

ယဉ်ကျေးလိမ္မာ သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၉

မေတ္တာမွန် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းက နှစ်စဉ်ကျင်းပမြဲဖြစ်သော တက္ကသိုလ်အဆင့် ယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီ ၁၈ရက်မှ ၂၂ရက်အထိ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသူများ ဒေါ်ခိုင်ခိုင်အောင် ဖုန်း-၀၉-၅၁-၉၈၆၈၀ သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့အလင်း အင်တာနက်ဖောင်ပိတ်သတင်း

ဗင်နွာတူ၌ အင်အားပြင်းငလျင်လှုပ်

ဗီလာ ဧပြီ ၉

ဗင်နွာတူနိုင်ငံ ဗီလာမြို့အရှေ့တောင်ဘက်၌ ဧပြီ ၉ရက် ဒေသစံတော်ချိန် ည ၈နာရီ ၅၇မိနစ်က ရစ်ချ်တာစကေး ၇ဒသမ၅ ရှိ အင်အားပြင်းငလျင်လှုပ်သွားကြောင်း ဟောင်ကောင်အခြေစိုက် ငလျင်တိုင်းတာရေးစခန်းမှ သတင်းထုတ်ပြန်သည်။

အဆိုပါမြေငလျင်ကြောင့် ဗီလာမြို့ရှိ အဆောက်အအုံများ ယိမ်းထိုးလှုပ်ခါခဲ့ပြီး အဆောက်အအုံအချို့ ပျက်စီးခဲ့ကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။

ဖိလစ်ပိုင်၌ မီးလောင်မှုဖြစ်ပွား၊ အိမ် ၅၀ ခန့် မီးဘေးသင့်

မနီလာ ဧပြီ ၉

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့၌ ဧပြီ ၉ရက် မွန်းလွဲ ၂နာရီခန့်က မီးလောင်မှုဖြစ်ပွားရာ နေအိမ် ၅၀ ခန့် မီးဘေးသင့်ခံရကြောင်း မနီလာမြို့ မီးသတ်တပ်ဖွဲ့မှ ပြောကြားသည်။

ယင်းမီးလောင်မှုမှာ မတော်တဆဖြစ်ရပ်ကြောင့်ဖြစ်ပြီး မိသားစုပေါင်း ၁၀၀ခန့် အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း ၄င်းတို့က ဆက်လက်ပြောကြားသည်။

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြောင်းလဲလာသော ခေတ်၏အခြေအနေများနှင့်အညီ လျှပ်စစ်ဓာတ်အားများ ဖြည့်ဆည်းပေးနိုင်ရန် နေ့မအား ညမနား အားထုတ်ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပေသည်။ ယခင်က ဘီလူးချောင်းကို အခြေခံသည့် လောပိတရေအားလျှပ်စစ်စက်ရုံလောက်ဖြင့် ရပ်တန့်မနေဘဲ တိုးချဲ့တည်ဆောက်မှုများ ပြုလုပ်ခဲ့သည်။



သာယာကုန်း ၂၃၀ကေဗွီ
ပင်မ ဓာတ်အားခွဲရုံ Switch Yard

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်လိုအပ်လာမှုကို ပြည့်မီအောင် ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ကွန်း၊ ဖြူး၊ ရဲရွာ၊ ရွှေလီ၊ ရွှေကျင်၊ ကျိုင်းတောင်းနှင့် အထက်ပေါင်းလောင်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများကို အမြန်ပြီးစီးရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက တိုးတက်ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးရှိ ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံကြီးများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောက်ရွက်ဆဲစီမံကိန်းများ

မဟာဓာတ်အားလိုင်း ကဏ္ဍတွင်

(၁) ရွှေလီ-မန်စံ-ရွှေစာရံ (၂၃၀)ကေဗွီ နှစ်ထပ် မဟာဓာတ်အားလိုင်း မိုင်(၂၂၀)။
(၂) ရဲရွာ-ဘဲလင်း (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၀)။
(၃) ရဲရွာ-မိတ္ထီလာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၄) ဘဲလင်း-ရွှေစာရံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၅)မိုင်။
(၅) ဘဲလင်း-မိတ္ထီလာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၆၅)မိုင်။
(၆) ဘဲလင်း-အုန်းတော-မုံရွာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၁၀)။
(၇) မိတ္ထီလာ-တောင်တွင်းကြီး (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၀၅)မိုင်။
(၈) သာစည်-မိတ္ထီလာ-မြင်းခြံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၇၅)မိုင်။
(၉) တောင်ငူ-သာယာကုန်း-ပဲခူး-သန်လျင် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၇၇)မိုင်။
(၁၀) သာကေတ-သန်လျင် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၂)မိုင်။
(၁၁) ပဲခူး-မြောင်းတကာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၅၀)။
(၁၂) ရွှေကျင်-သာယာကုန်း (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၆)မိုင်။
(၁၃) ကွန်း-(တောင်ငူ-ပဲခူး) (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း အဝင်အထွက်(၈)မိုင်။
(၁၄) ဖြူး-(တောင်ငူ-ပဲခူး) (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း အဝင်အထွက်(၄ဒသမ၅)မိုင်။
(၁၅) ရွှေတောင်-ဥသျှစ်ပင် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၄)မိုင်။
(၁၆) အထက်ပေါင်းလောင်း-နမ်ချို-ပေါင်းလောင်း (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၆)မိုင်။
(၁၇) ကျိုင်းတောင်း-နမ့်စန် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း (၇၃)မိုင်။
(၁၈) ပင်းပက်-ကလော (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၄၀)။
(၁၉) ကြီးအုံကြီးဝ-မန်း (၁၃၂) ကေဗွီ မဟာဓာတ်အားလိုင်း (၉၄)မိုင်။
(၂၀) အသုတ်-သာပေါင်း (၆၆) ကေဗွီဓာတ်အားလိုင်း မိုင်(၄၀)။
(၂၁) မန်စံ-လားရှိုး (၆၆)ကေဗွီ ဓာတ်အားလိုင်း (၂၃)မိုင်။
(၂၂) မန်စံ-သီပေါ (၆၆)ကေဗွီ ဓာတ်အားလိုင်း (၂၃)မိုင်။

ပင်မဓာတ်အားခွဲရုံကဏ္ဍတွင်

(၁) မန်စံ (၂၃၀/၆၆/၁၁)ကေဗွီ (၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၂) ရွှေစာရံ (၂၃၀/၁၃၂/၁၁)ကေဗွီ (၁၀၀)အမ်ဗွီအေနှင့် (၂၃၀/၃၃/၁၁)ကေဗွီ (၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၃) မိတ္ထီလာ (၂၃၀/၃၃/၁၁) ကေဗွီ (၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၄) ဘဲလင်း(၂၃၀/၁၃၂/၁၁) ကေဗွီ (၂×၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၅) အုန်းတော (၂၃၀/၃၃/၁၁) ကေဗွီ (၄၅)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၆) ညောင်ပင်ကြီး(မုံရွာ) (၂၃၀/၃၃/၁၁) ကေဗွီ (၂×၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၇) သာယာကုန်း (၂၃၀/၃၃/၁၁) ကေဗွီ (၆၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၈) ဥသျှစ်ပင် (၂၃၀/၆၆/၁၁) ကေဗွီ (၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၉) နမ့်စန် (၁၃၂/၆၆/၁၁) ကေဗွီ (၇၅)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၀) သဲဖြူ(မြို့လှ) (၂၃၀/၃၃/၁၁) ကေဗွီ (၁၀၀)အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၁) နေပြည်တော်တပ်ကုန်း (၂၃၀/၃၃/၁၁)ကေဗွီ (၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၁၂) နေပြည်တော် ဓာတ်အားခွဲရုံများဖြစ်သည်။

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်မည့် အနာဂတ်စီမံကိန်းများ

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ထပ်မံတည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသော သူငွေးချောင်း၊ တာဆန်း၊ အမ်း၊ မြစ်ဆုံ၊ တာပိန်၊ ရွှေလီ၊ အထက်သံလွင်၊ မဏိပူရ၊ ရွှေစာရေး၊ သောက်ရေခပ်၊ ဘောဂထ၊ တနင်္သာရီ၊ ထမံသီ စသည့် ရေအားလျှပ်စစ်ဓာတ်အားပေး စက်ရုံများမှ ဓာတ်အား ပိုမိုထုတ်လုပ်လာသည်နှင့်အမျှ ဓာတ်အားပို့လွှတ်ရေးလိုင်းများမှာလည်း အချိုးကျ တိုးတက် လိုအပ်လာမည်ဖြစ်ရာ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြီးစီးလာမည့် အချိန်နှင့်တစ်ပြေးညီ ပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၄င်းတို့မှာ-

(၁) သံတွဲ(သူငွေးချောင်း)-ဥသျှစ် ဓာတ်အားလိုင်း မိုင်(၇၀)။
(၂) သံတွဲ(၂၃၀/၆၆/၁၁) ကေဗွီ ဓာတ်အားခွဲရုံ။
(၃) သံတွဲ(သူငွေးချောင်း)-အမ်း (၂ လိုင်း မိုင်(၉၀)။
(၄) အမ်း-ကျောက်တော် (၂၃၀)ကေ မိုင်(၁၂၀)။
(၅) ကျောက်တော်-စစ်တွေ (၆၆ မိုင်(၆၀)။
(၆) ကျောက်တော်-မြောက်ဦး-မင်းပြ လိုင်း။
(၇) ကျောက်တော်-ဘူးသီးတောင်((၃၅) မိုင်။
(၈) အမ်း-မန်း(၂၃၀)ကေဗွီ မဟာ
(၉) မအီ-ကျောက်ဖြူ (၆၆)ကေ (၇၅)မိုင်။
(၁၀) သံတွဲ(သူငွေးချောင်း)-အသု ဓာတ်အားလိုင်း (၁၄၅)မိုင်။
(၁၁) အမ်းရေအားလျှပ်စစ်စီမံကိန်းန ဓာတ်အားလိုင်းနှင့် ပင်မဓာတ်
(၁၂) အထက်ကျိုင်းတောင်း-နမ့်စ ဓာတ်အားလိုင်း (၆၇)မိုင်။
(၁၃) နမ့်စန်-မိုးနဲ-လင်းခေး(၆၆)ကေ
(၁၄) လွိုင်လင်-လဲချား-မိုင်းကိုင်(၆ (၆၂)မိုင်။
(၁၅) နမ့်စန်-ခိုလန်-ကွန်ဟိန်း(၆၆ (၄၅)မိုင်။
(၁၆) ခိုလန်-မိုင်းနောင်-မိုင်းရှူး(၆ (၅၃)မိုင်။
(၁၇) နမ့်စန်-ပင်းပက်(၁၃၂)ကေဗွီ (၅၄)မိုင်။
(၁၈) ပင်းပက်-နောင်မွန်-ဆီဆိုင်(၆ (၃၁)မိုင်။
(၁၉) တောင်ငူ-ရွှေတောင်(၂၃၀)ကေ မိုင်(၈၀)။
(၂၀) မဏိပူ-ဂန့်ဂေါ-ပခုက္ကူ(၂၃၀) မိုင်(၁၈၀)။
(၂၁) မြစ်သား-ဂန့်ဂေါ/မြစ်သား-ဟာ လိုင်း မိုင်(၆၀)။
(၂၂) သောက်ရေခပ်-တောင်ငူ (၂၃ လိုင်း (၂၅)မိုင်။
(၂၃) မုံရွာ-မန်း-ဥသျှစ်ပင်-ဟာသ ဓာတ်အားလိုင်း (၃၄၅)မိုင်။
(၂၄) ဘဲလင်း-တောင်ငူ-ပဲခူး(၅၀၀) မိုင်(၃၀၀) ။
(၂၅) မြစ်ဆုံ-မိုးမိတ်-ဘဲလင်း (၅၀ လိုင်း မိုင်(၄၃၀) ။
(၂၆) ထမံသီ-မြစ်ဆုံ (၅၀၀)ကေဗွ မိုင်(၂၂၀)။
(၂၇) ဟာသ်ာတ-မြောင်းတကာ(၂၃ လိုင်း မိုင်(၈၀)။
(၂၈) မြစ်ကြီးနား-တာပိန်(၁)၊ (၂)- မဟာဓာတ်အားလိုင်း (၁၃၅)မိ
(၂၉) ရွှေလီ(၁)-ရွှေလီ(၂)-ရွှေလီ(ဓာတ်အားလိုင်း မိုင် (၅၀)။
(၃၀) အထက်သံလွင်-ကွန်းလုံ-လာ မိုင်းပြင်း-ကျိုင်းတုံ (၂၃၀)ကေ (၃၁၂)မိုင်။
(၃၁) ရွှေစာရေး-မုံရွာ (၂၃၀)ကေဗွ မိုင်(၃၀)။
(၃၂) ဘောဂထ-သာယာကုန်း(၂၃ လိုင်း မိုင်(၂၀)။

...တက်နေသော ...် ဓာတ်အားပေးစခန်း(၅)

သတင်းဆောင်းပါး-ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

၎င်းတို့မှာ-

(၁) သံတွဲ(သူငွေးချောင်း)-ဥသျှစ်ပင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၇၀)။
(၂) သံတွဲ(၂၃၀/၆၆/၁၁) ကေဗွီ(၁၀၀) အမ်ဗွီအေ ပင်မဓာတ်အားခွဲရုံ။
(၃) သံတွဲ(သူငွေးချောင်း)-အမ်း (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၉၀)။
(၄) အမ်း-ကျောက်တော် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၂၀)။
(၅) ကျောက်တော်-စစ်တွေ (၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၆၀)။
(၆) ကျောက်တော်-မြောက်ဦး-မင်းပြား (၆၆)ကေဗွီ ဓာတ်အားလိုင်း။
(၇) ကျောက်တော်-ဘူးသီးတောင်(၆၆)ကေဗွီ ဓာတ်အားလိုင်း (၃၅) မိုင်။
(၈) အမ်း-မန်း(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၉) မအီ-ကျောက်ဖြူ (၆၆)ကေဗွီ မဟာဓာတ်အားလိုင်း (၇၅)မိုင်။
(၁၀) သံတွဲ(သူငွေးချောင်း)-အသုတ်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၄၅)မိုင်။
(၁၁) အမ်းရေအားလျှပ်စစ်စီမံကိန်းနှင့်ဆက်နွှယ်သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ။
(၁၂) အထက်ကျိုင်းတောင်း-နမ့်စန် (၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း (၆၇)မိုင်။
(၁၃) နမ့်စန်-မိုးနဲ-လင်းခေး(၆၆)ကေဗွီ ဓာတ်အားလိုင်း(၃၅)မိုင်။
(၁၄) လွိုင်လင်-လဲချား-မိုင်းကိုင်(၆၆)ကေဗွီ ဓာတ်အားလိုင်း (၆၂)မိုင်။
(၁၅) နမ့်စန်-ခိုလန်-ကွန်ဟိန်း(၆၆)ကေဗွီ ဓာတ်အားလိုင်း (၄၅)မိုင်။
(၁၆) ခိုလန်-မိုင်းနောင်-မိုင်းရှူး(၆၆)ကေဗွီ ဓာတ်အားလိုင်း (၅၃)မိုင်။
(၁၇) နမ့်စန်-ပင်းပက်(၁၃၂)ကေဗွီ မဟာဓာတ်အားလိုင်း (၅၄)မိုင်။
(၁၈) ပင်းပက်-နောင်မွန်-ဆီဆိုင်(၆၆)ကေဗွီ ဓာတ်အားလိုင်း (၃၁)မိုင်။
(၁၉) တောင်ငူ-ရွှေတောင်(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၂၀) မဏိပူ-ဂန့်ဂေါ-ပခုက္ကူ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၈၀)။
(၂၁) မြစ်သား-ဂန့်ဂေါ/မြစ်သား-ဟားခါး(၆၆)ကေဗွီ ဓာတ်အားလိုင်း မိုင်(၆၀)။
(၂၂) သောက်ရေခပ်-တောင်ငူ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၅)မိုင်။
(၂၃) မုံရွာ-မန်း-ဥသျှစ်ပင်-ဟသ်ာတ (၅၀၀)ကေဗွီ မဟာဓာတ်အားလိုင်း (၃၄၅)မိုင်။
(၂၄) ဘဲလင်း-တောင်ငူ-ပဲခူး(၅၀၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၀၀) ။
(၂၅) မြစ်ဆုံ-မိုးမိတ်-ဘဲလင်း (၅၀၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၄၃၀) ။
(၂၆) ထမံသီ-မြစ်ဆုံ (၅၀၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၂၀)။
(၂၇) ဟသ်ာတ-မြောင်းတကာ(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၈၀)။
(၂၈) မြစ်ကြီးနား-တာပိန်(၁)၊ (၂)-ရွှေလီ(၁) (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၁၃၅)မိုင်။
(၂၉) ရွှေလီ(၁)-ရွှေလီ(၂)-ရွှေလီ(၃)(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင် (၅၀)။
(၃၀) အထက်သံလွင်-ကွန်းလုံ-လားရှိုး-မိုင်းနောင်-ခိုလန်-မိုင်းပြင်း-ကျိုင်းတုံ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၃၁၂)မိုင်။
(၃၁) ရွှေစာရေး-မုံရွာ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၀)။
(၃၂) ဘောဂထ-သာယာကုန်း(၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၀)။
(၃၃) ဟသ်ာတ-အသုတ် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၆၀)။
(၃၄) ရွှေလီ (၃)-မိုးမိတ် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၀)။
(၃၅) ဟားခါး-ဖလမ်း-သိုင်းနင်း-ကလေး-ကလေးဝ (၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၉၀)။
(၃၆) ကလေး-တမူး (၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၇၀)။
(၃၇) ထမံသီ-ဟိုပင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၀၀)။
(၃၈) ထမံသီ-ဖောင်းပြင်-ကလေးဝ-မုံရွာ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၄၀)။
(၃၉) နန်ချို-ရွှေမြို့ (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း (၂၇)မိုင်။
(၄၀) ဘဲလင်း-မြင်းခြံ-ပခုက္ကူ (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၁၂၀)။
(၄၁) ပခုက္ကူ-ပေါက်-မင်းတပ် (၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၇၀)။
(၄၂) မိတ္ထီလာ-နေပြည်တော် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၉၀)။
(၄၃) သီပေါ-နမ့်လန် (၆၆) ကေဗွီ ဓာတ်အားလိုင်း (၂၈)မိုင်။
(၄၄) လားရှိုး-မိုင်းရယ် (၆၆) ကေဗွီ ဓာတ်အားလိုင်း မိုင်(၄၀)။
(၄၅) ဟတ်ကြီး-ဘားအံ-မော်လမြိုင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၁၂၃)မိုင်။
(၄၆) တာပိန်-ဗန်းမော် (၆၆)ကေဗွီဓာတ်အားလိုင်း (၃၅)မိုင်။
(၄၇) တနင်္သာရီ(မေယွန်)-မြိတ် (၂၃၀)ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၄၀)။
(၄၈) မြိတ်-ပုလော-ထားဝယ်-ရေး-သံဖြူဇရပ်-မော်လမြိုင် (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း (၂၂၂)မိုင်။
(၄၉) မြိတ်-ဘုတ်ပြင်း-ကော့သောင်း (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၂၅၀)။
(၅၀) မြစ်ဆုံ-မြစ်ကြီးနား (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၆၀)။
(၅၁) မြစ်ကြီးနား-ဟိုပင်-အင်းတော်-ငှက်ပျောဒိုင်း-အုန်းတော (၂၃၀) ကေဗွီ မဟာဓာတ်အားလိုင်း မိုင်(၃၂၀)။
(၅၂) တာဆန်း ရေအားလျှပ်စစ်စီမံကိန်းနှင့် ဆက်နွှယ်သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများ။

လျှပ်စစ်စွမ်းအားကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် တည်ဆောက်ရာတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု များသကဲ့သို့ အချိန်ကာလ အတိုင်းအတာတစ်ခုအထိ အကောင်အထည်ဖော် တည်ဆောက်ရပါသည်။ သို့ပါ၍ မိမိတို့နိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် ငွေနှင့်အချိန်ယူ၍ ဆောင်ရွက်ရမည် ဖြစ်သည့်အပြင် လက်ရှိအခြေအနေတွင် ဓာတ်အားပေးစက်ရုံများ၏ ဓာတ်အားထုတ်လုပ်နိုင်မှု အခြေအနေပေါ်မူတည်၍ နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုစွမ်းအား လျော့နည်းမှု မဖြစ်ပေါ်စေရေးတို့ကို ရှေးရှုလျက် အလှည့်ကျဓာတ်အား ဖြန့်ဖြူးပေးသောစနစ်ဖြင့် ကြိုးစားဖြည့်ဆည်းပေးလျက် ရှိပါသည်။

နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား တိုးတက်လိုအပ်လာမှုကို ပြည့်မီအောင်ဖြည့်ဆည်းပေးနိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် ကွန်း၊ ဖြူး၊ ရဲရွာ၊ ရွှေလီ၊ ရွှေကျင်၊ ကျိုင်းတောင်းနှင့် အထက်ပေါင်းလောင်း စသည့် ရေအားလျှပ်စစ်စီမံကိန်းများကို အမြန်ပြီးစီးရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ရေအားလျှပ်စစ်စီမံကိန်းများ ပြီးစီးပါက တိုးတက် ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို တစ်နိုင်ငံလုံးရှိ ပြည်သူလူထုနှင့် စက်ရုံ၊ အလုပ်ရုံကြီးများသို့ ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်ရန်အတွက် အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိ။

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနတို့မှ ထပ်မံ တည်ဆောက်ရန် စီစဉ်ဆောင်ရွက်နေသော သူငွေးချောင်း၊ တာဆန်း၊ အမ်း၊ မြစ်ဆုံ၊ တာပိန်၊ ရွှေလီ၊ အထက်သံလွင်၊ မဏိပူရ၊ ရွှေစာရေး၊ သောက်ရေခပ်၊ ဘောဂထ၊ တနင်္သာရီ၊ ထမံသီ စသည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားပိုမိုထုတ်လုပ်လာသည်နှင့်အမျှ ဓာတ်အားပို့လွှတ်ရေးလိုင်းများမှာလည်း အချိုးကျ တိုးတက်လိုအပ်လာမည်ဖြစ်ရာ အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံများကို ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ ပြီးစီးလာမည့် အချိန်နှင့် တစ်ပြေးညီ ပြီးစီးရန် ဆက်လက်ဆောင်ရွက်သွားမည်။

နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရန် တည်ဆောက် အကောင်အထည်ဖော်နေသည့် ယခုလိုအချိန်ကာလအတွင်းတွင် ပြည်သူလူထု အနေဖြင့် နွေရာသီ၌ ဓာတ်အားမလုံလောက်မှုအခြေအနေကို အမြန်ဆုံး ပြေလည်နိုင်ရန်အတွက် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနတို့က အထူးကြိုးစား ဆောင်ရွက်လျက် ရှိနေကြသည်။

ဓာတ်အားသုံးစွဲသူများအနေဖြင့်လည်း လျှပ်စစ်၏သဘောသဘာဝနှင့် သိမှတ်ဖွယ်ရာများကို ဗဟုသုတအဖြစ် သိရှိနားလည်နိုင်ရန် ဆက်လက်တင်ပြသွားပါမည်။ ။

အလုံ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ။

ပြည်ပသံရုံးအချို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောလုပ်ရပ်များ ဗီယင်နာကွန်ဗင်းရှင်းကို ဖောက်ဖျက်ရာရောက်ပြီး နိုင်ငံတကာဥပဒေများနှင့် ငြိစွန်းလျက်ရှိသဖြင့် ရပ်တန်းကရပ်ကြရန် နိုင်ငံတော်တည်ငြိမ်ရေးကို လိုလားသည့် ပြည်သူများက ဆန္ဒရှိနေ

နေပြည်တော် ဧပြီ ၉

မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြယ်လှယ်ကြိုးကိုင်နိုင်ရန်အတွက် ပြည်ပနိုင်ငံကြီးအချို့သည် ပြည်တွင်းရှိ နိုင်ငံရေးပါတီအချို့အား နောက်ကွယ်မှ အားပေးအားမြှောက်ပြုကာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားစေရေးအတွက် နည်းမျိုးစုံဖြင့် ကြံစည်လုပ်ဆောင်လျက်ရှိသည်။

အမြဲမပြတ်ဝင်ထွက်

ရန်ကုန်မြို့ရှိ ပြည်ပသံရုံးအချို့မှ သံတမန်များသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်သို့ အမြဲမပြတ် ဝင်ထွက်ဆက်သွယ်၍ နိုင်ငံနှင့်ပြည်သူအကျိုးကို ဆန့်ကျင်သော ဆွေးနွေးညွှန်ကြားချက်များပေးလျက်ရှိရာ ၂၀၀၈ ခုနှစ် မတ်လအတွင်း ပြည်ပသံရုံးအချို့မှ စုစုပေါင်း(၁၉)ကြိမ် ဝင်ထွက်ခဲ့ကြောင်း၊ ၂၀၀၇ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ် မတ်လကုန်အထိ စုစုပေါင်း(၂၇၇) ကြိမ် ဝင်ထွက်ခဲ့ကြောင်း သတင်းများရရှိထားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် တိုင်းပြည်လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိပါးစေသည့် ပြည်ပသံတမန်များ၏ နိုင်ငံတော် ဆန့်ကျင်ရေး လုပ်ရပ်များနှင့်စပ်လျဉ်း၍ ခုခံကာကွယ်ရန် ရည်ရွယ်ပြီး အမျိုးသားအကျိုးစီးပွားအဖွဲ့ (National Interest Group) ကို မတ် ၂၉ရက်နေ့က ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ပနိုင်ငံကြီးအချို့မှ သံတမန်များသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၁၉၆၁ခုနှစ် သံတမန်ဆက်ဆံရေး ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၄၁ကို ချိုးဖောက်လျက်ရှိသဖြင့် အဆိုပါလုပ်ဆောင်မှုများကိုချက်ချင်းရပ်ဆိုင်းသင့်သည်ဟု ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရမဟုတ်သော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကြံပေးအဖွဲ့ဥက္ကဋ္ဌက မတ် ၂၉ ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရသည်။

ဗီယင်နာကွန်ဗင်းရှင်း

သံတမန်ဆက်ဆံရေးနှင့်စပ်လျဉ်းသည့် ဗီယင်နာကွန်ဗင်းရှင်း၏ အပိုဒ် ၄၁တွင် သံတမန်များသည် အိမ်ရှင်နိုင်ငံ၏ ပြည်တွင်းရေးရာ ကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန်၊ ချမှတ်ထားသော သံအဖွဲ့၏လုပ်ငန်းတာဝန်များနှင့်ဆန့်ကျင်၍ သံအဖွဲ့ ဥပစာကို မည်သို့မျှ အသုံးမပြုရန်ဟူ၍ပါရှိကြောင်း သိရသည်။

ရပ်တန်းကရပ်

မြန်မာနိုင်ငံတွင်လည်း ပြည်ပသံရုံးအချို့၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သောလုပ်ရပ်များသည် ဗီယင်နာကွန်ဗင်းရှင်းကို ဖောက်ဖျက်ရာ ရောက်ပြီး နိုင်ငံတကာဥပဒေများနှင့် ငြိစွန်းလျက်ရှိသဖြင့် ယင်းတို့၏လုပ်ရပ်များကို ရပ်တန်းကရပ်ကြရန် နိုင်ငံတော်တည်ငြိမ်ရေးကိုလိုလားသည့် ပြည်သူများက ဆန္ဒရှိနေကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သင်္ကြန်တွင်း တရားစခန်းပွဲများ

အောင်ချမ်းသာမဟာစည်ရိပ်သာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၅၁ရပ်ကွက် ထားဝယ်ချောင်ရဲစခန်းအနီးရှိ အောင်ချမ်းသာ မဟာစည်ရိပ်သာတွင် ဧပြီ ၁၁ရက်မှ ၂၀ရက်အထိ ၁၀ရက် တရားစခန်းပွဲကျင်းပမည်ဖြစ်ရာ တရားအားထုတ်လိုသော ယောဂီများသည် ကျောင်းတိုက်သို့ ဧပြီ ၁၀ရက် ညနေ ၅ နာရီအရောက် မိမိတို့၏ မှတ်ပုံတင်ပါယူဆောင်၍ လာရောက် အားထုတ်နိုင်ကြောင်း သိရသည်။

ရန်ကင်း မိုယ်းကောင်းကျောင်းတိုက်

မိုးကုတ်ဝိပဿနာ နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာတော် (မိုယ်းကောင်း)အရှင်စန္ဒိမာဝံသ အရှင်သူမြတ်က ရန်ကုန်မြို့ ရန်ကင်းမြို့နယ် (၁၄) ရပ်ကွက် မိုယ်းကောင်းကျောင်းတိုက်၌ ဧပြီ ၁၃ ရက်မှ ၂၂ရက်အထိလည်းကောင်း၊ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် တောမကျေးရွာ တောမရွာဦး ကျောင်းတိုက်၌ မေ ၆ရက်မှ ၁၅ရက်အထိလည်းကောင်း တရားစခန်းပွဲကျင်းပမည် ဖြစ်ကြောင်း သိရသည်။

ဒေါက်တာအရှင်ဉာဏဂ္ဂ အထူးတရားပွဲ

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကြံခင်းပရိယတ္တိစာသင်တိုက်၌ ပညာမြေဆရာတော် ဒေါက်တာအရှင်ဉာဏဂ္ဂ (ဓမ္မာစရိယ၊ M.A, Ph. D) သည် ဧပြီ ၁၄ ရက်မှ ၁၆ ရက် သင်္ကြန်အခါတော်ရက်အတွင်း ပဋ္ဌာန်းတရားတော်များ ဟောကြားမည်ဖြစ်ရာ ကြွရောက်နာယူနိုင်ကြောင်း သိရသည်။ (က-ပ)

တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းကကြီးမှူးဖွင့်လှစ်သော အင်္ဂလိပ်စကားပြောသင်တန်း (၁/၂၀၀၈) ဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃ရက် ညပိုင်းက အလက(၃)၌ ကျင်းပရာ မြို့နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးလှဝင်းက အမှာစကားပြောကြားစဉ်။ (၁၇၁)

အမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင် ဖိုရမ်တက်ရောက်ရန် ဂျပန်သို့ထွက်ခွာ

ရန်ကုန် ဧပြီ ၉

မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်း (MWEA) အလုပ်အမှုဆောင် ဒေါ်ချိုသီရိမောင်သည် ဂျပန်နိုင်ငံ ဆူဇူကာမြို့၌ ဧပြီ ၇ရက်မှ ၈ွန်၂ရက်အထိ ကျင်းပမည့် 43[rd] IATSS Forum Programme သို့ တက်ရောက်ရန် ဧပြီ၆ရက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီး စီးပွားရေး စွမ်းဆောင်ရှင်များ အသင်းဥက္ကဋ္ဌ ဒေါ်ခင်မြင့်မြင့်နှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

(က-ပ)

(၅၉)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ

ရန်ကုန် ဧပြီ ၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ဈေးကြီးတလိုင်းပိုင်း ငါးကြော်ဖို အိုးဘိုရပ်ကွက်လုံးဆိုင်ရာ (၅၉)ကြိမ်မြောက် သက်ကြီး ဝါကြီးပူဇော်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်နေ့ (ဧပြီ၁၇ရက်) နံနက် ၈ နာရီတွင် ကြည့်မြင်တိုင်မြို့နယ် ကျောင်းကြီးလမ်း မဟာပုညော ပကာရဓမ္မရုံကြီး၌ ကျင်းပမည်ဖြစ်သည်။

ရပ်ကွက်အတွင်းရှိ အသက် (၇၀)နှင့်အထက် အဘိုး ၁၆၄ဦး၊ အဘွား ၃၀၇ ဦး စုစုပေါင်း အဘိုးအဘွား ၄၇၁ ဦးတို့အား ပူဇော်ကန်တော့ပွဲကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ပူဇော်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးထွန်း ဖုန်း- ၅၃၆၇၈၈ ထံ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (ဝ၂၃)

စာကြည့်တိုက်ရှင်သန်ရေး ရှင်းလင်းဆွေးနွေး

ရန်ကုန် ဧပြီ ၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လှိုင်မြို့နယ်ရုံးက ကြီးမှူး၍ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ စာဖတ်ဝိုင်းနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ဧပြီ၂ရက်က (၁၂)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ပညာဘဏ်တိုက်စာကြည့်တိုက်၌ကျင်းပရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်စိုးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နွဲ့နွဲ့ရီက စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအား ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ရပ်ကွက်စာကြည့်တိုက်သို့ စာစောင်များ ပေးအပ်လှူဒါန်းရာ ရပ်ကွက် ဥက္ကဋ္ဌဦးမြင့်စိုးက လက်ခံယူကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ဖြူးမဟာစည်သိမ်တော်လှူဒါန်းနိုင်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ အရှင်မြတ်သီတင်းသုံးတော်မူသောဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် အတွင်း၌ဆောက်လုပ်ဆဲ ဖြစ်သော သာသန ဝုပိုကာရီ သိမ်တော်မြတ်ကြီးကို အကျိုး တော်ဆောင်အဖွဲ့နှင့် ဒါယကာ၊ ဒါယိကာမ များက စုပေါင်းလှူဒါန်းမည်ဖြစ်ရာ ကုသိုလ် ပါဝင်လိုသူများသည် ဖြူးမဟာစည်ရိပ်သာ ဖုန်း-၀၁-၅၃၀၀၆၈၊၀၁-၅၀၁၈၄၆၊ လိုင်းခွဲ ၁၈၁၊ ၀၉-၅၀-၁၇၅၅၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ထားဝယ်ရိုးရာသင်္ကြန်ပွဲ စည်ကားသိုက်မြိုက်စွာကျင်းပမည်

ရန်ကုန် ဧပြီ ၉

နှစ်စဉ်ကျင်းပမြဲဖြစ်သော ထားဝယ် အသင်း၏ ထားဝယ်ရိုးရာသင်္ကြန် (ရေးဇီ မှန်း)နှင့် ရိုးရာမုန့်မျိုးစုံလှူပွဲကို ဧပြီ ၁၂ ရက် (သင်္ကြန်အကြိုနေ့) စနေနေ့ နံနက် ၈ နာရီမှ ၁၀နာရီအထိ အမှတ် ၈၂၈ မဟာ ဗန္ဓုလလမ်း လမ်းမတော်မြို့နယ်ရှိ ထားဝယ် အသင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ မည်ဖြစ်ရာ အသင်းသူ အသင်းသား၊ ထားဝယ်သူထားဝယ်သားများနှင့် မိတ်ဆွေ သင်္ဂဟများ လာရောက်အားပေးချီးမြှင့်ကြ ရန် အသင်းအမှုဆောင်အဖွဲ့က ဖိတ်ကြား နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၄-၂၀၀၈ ရက်
(ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	**MRTV-4 အဖွင့် Logo** ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	**'နေမဝင်ခင် ရိက္ခာပြင်'** တရားတော် [ဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်း-ရွှေဟင်္သာ)]
၇း၅၅-၁း၅၅	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၁၀-၂း၁၀	ခါသင်္ကြန်အဆိုအက
၈း၂၀-၂း၂၀	ပြည်တွင်း အနုပညာရေးရာ
၈း၄၀-၂း၄၀	ခါသင်္ကြန်အဆိုအက
၈း၅၀-၂း၅၀	ပညာဒါန အလင်းဝေဖြာ သန်လျင်မြို့ ဆုထူးပန် သီရိမင်္ဂလာကန်တော်မှာ
၉း၁၀-၃း၁၀	ပြည်တွင်းသတင်းအကျဉ်း
၉း၂၀-၃း၂၀	ခါသင်္ကြန်အဆိုအက
၉း၂၅-၃း၂၅	စားချင်စဖွယ် နည်းအသွယ်သွယ် (တိမ်လွှာကျောက်ကျော)
၉း၄၀-၃း၄၀	နိုင်ငံတကာ သတင်းအကျဉ်း
၉း၄၅-၃း၄၅	ခါသင်္ကြန်အဆိုအက
၉း၅၀-၃း၅၀	**ရေကူးရအောင်** အကယ်ဒမီ ရှုမဝစမ်းစမ်းအေး၊ သူသူဟံသာ၊ နေလင်း (ဒါရိုက်တာ-သက်တင်)
၁၀း၁၀-၄း၁၀	မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅	သင်္ကြန်နှင့် မုန့်လုံးရေပေါ်
၁၀း၂၀-၄း၂၀	ခါသင်္ကြန်အဆိုအက
၁၀း၂၅-၄း၂၅	တစ်စိတ်ဝမ်း တစ်လက်ညီ ကုသိုလ်အမှု ရယူကြ
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	ကွန်ချောင်းရေလှောင်တမံ
၁၀း၅၅-၄း၅၅	ခါသင်္ကြန်အဆိုအက
၁၁း၀၅-၅း၀၅	7[th] ASIAN BILLIARDS AND 9[th] U-21 ASIAN SNOOKER CHAMPIONSHIP OPENING CEREMONY
၁၁း၂၀-၅း၂၀	နိုင်ငံတကာ သတင်းအကျဉ်း
၁၁း၂၅-၅း၂၅	ခါသင်္ကြန်အဆိုအက
၁၁း၃၅-၅း၃၅	လှပဝံ့ထည် မြန်မာ့ကြိမ်ထည်
၁၁း၅၅-၅း၅၅	Yangon Panorama
၁၂း၁၅-၆း၁၅	ခါသင်္ကြန်အဆိုအက
၁၂း၂၀-၆း၂၀	ကျန်းမာရေးကဏ္ဍ (နှလုံးကျန်းမာ သက်ရှည်ရန် သိဖွယ်နည်းလမ်းများ) (ပထမပိုင်း) (ပါမောက္ခ ဒေါက်တာမြသိန်းဟန်)
၁၂း၄၀-၆း၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မော်ဘီချမ်းမြေ့ရိပ်သာ စံကျောင်းတော် ရေစက်ချပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၉

မော်ဘီမြို့ ချမ်းမြေ့ရိပ်သာကျောင်းရှိ စေတနာရှင်များ စုပေါင်းဆောက်လုပ်ထားသော ချမ်းမြေ့စံကျောင်းတော်ကို ဧပြီ ၁၁ရက် နံနက် ၉နာရီတွင် ရေစက်ချလှူဒါန်းကြမည် ဖြစ်ရာ ရေစက်ချပွဲသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော်၌ နှစ်ဆန်းတစ်ရက်နေ့ သောက်ရေသန့်ဘူးများ ဒါနပြုမည်

ရန်ကုန် ဧပြီ ၉

၁၃၇၀ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့ ဧပြီ၁၇ရက် (ကြာသပတေးနေ့)တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ် စောင်းတန်းအနီး ဝေနေယျာသုခဓမ္မာရုံနှင့် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ စောင်းတန်းလေးသွယ်တို့ အနီးမှနေ၍ ဝေနေယျာသုခ ရေချမ်းစင်အသင်း (၁၀၃) နှစ်ပြည့် အထိမ်းအမှတ် သောက်ရေသန့် ဘူးပေါင်းလေးသောင်း(ငွေကျပ်၃၆ သိန်း ဖိုး)ကို တစ်နေကုန် စတုဒိသာဒါနပြု လှူဒါန်းမည်ဖြစ်သည်။ ယခုအထိ သောက်ရေသန့် ဘူးပေါင်း ကိုးသိန်း လေးသောင်း လှူဒါန်းပြီးခဲ့သည်ကို သာဓု ခေါ်ဆိုပါရန်နှင့် ရာသက်ပန် သောက်ရေ သန့် ရေပဒေသာပင်တစ်ပင်လျှင် အနည်း ဆုံး ငွေကျပ်တစ်သောင်းနှုန်းဖြင့် လှူဒါန်း နိုင်ရန် ဖုန်း- ၃၈၁၇၃၆နှင့် ၃၈၃၅၁၁၊ လိုင်းခွဲ-၁၇၁သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။

(မြန်မာ့အလင်း)

10-4 (10).pmd 1 4/10/2008, 1:45 AM

ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် စုပေါင်းရဟန်းခံရှင်ပြု အလှူမင်္ဂလာတက်ရောက်ကြည်ညို

နေပြည်တော် ဧပြီ ၉

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၏ နဝမအကြိမ် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာ အခမ်းအနားကို ဧပြီ ၆ရက် နံနက် ၉နာရီက နေပြည်တော်ပျဉ်းမနား မာရ်အောင်ကျောင်းတိုက်၌ ကျင်းပသည်။ (အပေါ်ပုံ)

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် မဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်နှင့်ဇနီး ဒေါ်ကျင်ခိုင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ထမ်းမိသားစုများ၊ ဧည့်သည်တော်များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အစီအစဉ်အရ သံဃာတော်များအား ဝန်ကြီးဌာန မိသားစုများက သိမ်ဆင်းလောင်းလှူကြသည်။ ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး ပရိတ်တရားတော်များ နာယူကြသည်။

ရေစက်သွန်းချအမျှဝေ

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်နှင့် ဇနီး ဒေါ်ကျင်ခိုင်တို့က ဦးစီးလျက် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြပြီး သာဓုအနုမောဒနာ တရားတော်များကို နာယူကာ လှူဒါန်းမှုအစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ဆရာတော်သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ နဝမအကြိမ်မြောက် စုပေါင်းရဟန်းခံရှင်ပြု အလှူတော်မင်္ဂလာတွင် ရဟန်း ၅၈ပါးနှင့် ရှင်သာမဏေ ၁၁ ပါးတို့ သာသနာ့ဘောင်သို့ ဝင်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် မြစ်ကြီးနား-ဒစ်ဂျစ်တယ် အိတ်ချိန်းသစ်စစ်ဆေး

နေပြည်တော် ဧပြီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဧပြီ၅ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဝန်းသိုကျောင်းတိုက် နိုင်ငံတော် ဩဝါဒါစရိယ ဝန်းသိုကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသီလဝံသ၊ ရွှေညောင်ပင်ရပ်ကွက်ရှိ သုဝဏ္ဏဗောဓိရွှေညောင်ပင် ကျောင်းတိုက်ဆရာတော်နှင့် အေးစေတီကျောင်းတိုက်ဆရာတော်တို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဝန်ကြီးသည် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်းနှင့်အတူ ဧပြီ၆ရက်တွင် မြစ်ကြီးနားမြို့ ဒစ်ဂျစ်တယ် အော်တိုအိတ်ချိန်းအသစ် တပ်ဆင်လျက်ရှိသည့် (DMS-10) (၁၂၈၀) လိုင်းပါ ဒစ်ဂျစ်တယ်အိတ်ချိန်းသစ်ကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အိတ်ချိန်းစက်များနှင့် စက်ပစ္စည်းများကို ဝန်ထမ်းများ စနစ်တကျကိုင်တွယ်အသုံးပြုရေး၊ စက်ပစ္စည်းများ ကြံ့ခိုင်ရေး၊ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ပြည်နယ်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများနှင့် တွေ့ဆုံပြီး **(အပေါ်ဝဲပုံ)** လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာရှ-အရှေ့အလယ်ပိုင်းဒေသ ဝန်ကြီးအဆင့်ဆွေးနွေးပွဲမှ ဒုတိယဝန်ကြီး ဦးကျော်သူ ပြန်လည်ရောက်ရှိ

နေပြည်တော် ဧပြီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် အီဂျစ်အာရပ်သမ္မတနိုင်ငံ ရှမ်အယ်လ်ရှိတ်မြို့၌ ဧပြီ၅ရက်မှ ၆ရက်အထိ ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် အာရှ-အရှေ့အလယ်ပိုင်းဒေသ ဝန်ကြီးအဆင့် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပြီးနောက် ဧပြီ၇ရက် ညနေပိုင်းက လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

တက်ရောက်

ဒုတိယဝန်ကြီး ဦးကျော်သူသည် ရှမ်အယ်လ်ရှိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာကွန်ဂရက်အဆောက်အအုံ၌ ဧပြီ ၅ရက် နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-အရှေ့အလယ်ပိုင်းဒေသ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(ယာပုံ)**

ပြောကြား

ယင်းအခမ်းအနားတွင် အိမ်ရှင်အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အာမက်အာဘူဂိတ်က ဆွေးနွေးပွဲ၏ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာဂျော့ဂ်ျရိုးက ယခင်ဥက္ကဋ္ဌအဖြစ်လည်းကောင်း အဖွင့်မိန့်ခွန်း ပြောကြားကြသည်။

ခင်မင်ရင်းနှီးစွာဆွေးနွေး

ထို့နောက် ဒုတိယဝန်ကြီး ဦးကျော်သူသည် နံနက်၁၁နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မစ္စတာဝမ်ရီနှင့် Neptune ခန်းမဆောင်၌ တွေ့ဆုံခဲ့ပြီး နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးကြသည်။

အကျိုးတူ

အဆိုပါဆွေးနွေးပွဲကို အာရှဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ အစိုးရများနှင့် ပြည်သူများ အချင်းချင်း အပြန်အလှန်နားလည်မှုနှင့် ဒေသကြီးနှစ်ခုအကြား အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးတို့အတွက် ကျင်းပခြင်းဖြစ်ပြီး ယင်းဆွေးနွေးပွဲတွင် နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များနှင့် လူမှုရေး၊သိပ္ပံနှင့် ပြန်ကြားရေးကိစ္စရပ်များ စသည့် ဘာသာရပ်အုပ်စု(၃)ရပ်အောက်တွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန် နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

အတည်ပြု ချမှတ်နိုင်

ဆွေးနွေးပွဲအပြီးတွင် အာရှဒေသနှင့် အရှေ့အလယ်ပိုင်းဒေသတို့မှ အဖွဲ့ဝင်နိုင်ငံများအကြား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အခြေခံမူများဆိုင်ရာ ကြေညာစာတမ်းတစ်စောင်ကို အတည်ပြု ချမှတ်နိုင်ခဲ့သည်။

တက်ရောက်

ဒုတိယဝန်ကြီးဦးကျော်သူခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီ၅ရက်တွင် အီဂျစ်အာရပ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အာမက်အာဘူဂိတ်က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် ဧပြီ ၆ရက်တွင် ဆက်လက်ကျင်းပသည့် ဒုတိယအကြိမ်မြောက် အာရှ-အရှေ့အလယ်ပိုင်းဒေသ ဝန်ကြီးအဆင့် ဆွေးနွေးပွဲ၏ မျက်နှာစုံညီ အစည်းအဝေးနှင့် ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မကွေးမြို့နယ် တည်ပင်ကံပေါက်ရွာ မီးဘေးသင့်ပြည်သူများ ထောက်ပံ့လှူဒါန်း

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သာသနအောင်မြေစာသင်တိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇယဝံသ အမှူးပြုသော စေတနာရှင် အလှူရှင်များဖြစ်ကြသော တိုတယ်ရေနံကုမ္ပဏီဝန်ထမ်းများ ရန်ကုန်က ငွေကျပ်ခုနစ်သောင်းနှစ်ထောင်၊ ဦးအေးထွန်း-ဒေါ်ခင်မျိုးနွယ် ရန်ကုန်က ငွေကျပ်ငါးသောင်း၊ ဦးမြင့်လွင်-ဒေါ်သန်းသန်းရွှေ ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၉ရပ်ကွက်က ငွေကျပ်ငါးသောင်း၊ ဒေါက်တာတိုးလွင်-ဒေါ်မြင့်မြင့်ရည် ရွှေနှင်းဆီလမ်း မရမ်းကုန်းက ငွေကျပ်သုံးသောင်း၊ ဒေါက်တာလူမော်-ဒေါ်ခင်ဆွေ ရန်ကုန်က ငွေကျပ်သုံးသောင်း၊ဒေါ်ခင်ခင်ညွန့်၊ဒေါ်ခင်သန်းမိသားစုက ငွေကျပ်နှစ်သောင်း အသီးသီးလှူဒါန်းကြရာ ကျေးရွာသားများကိုယ်စား တာဝန်ရှိသူများက လက်ခံရယူသည်။

(အောက်ပုံ) (က-ပ)

ဓမ္မဒူတဓမ္မာရုံ၏ ၉ရက် တရားစခန်း

ရန်ကုန် ဧပြီ ၉

ပုဇွန်တောင်မြို့နယ် ၅၇လမ်း ဓမ္မဒူတဓမ္မာရုံနှင့် မဏိဇောတဘာသာရေးမဂ္ဂဇင်း စာတည်းမှူးချုပ် ဆရာကျော်နန္ဒအောင်တို့ ဦးစီးကျင်းပသည့် မဟာသင်္ကြန် ကိုးကြိမ်မြောက် ကိုးရက်တရားစခန်းကို ဧပြီ ၁၁ရက်မှ ၁၉ရက်အထိ သန်လျင်မြို့ အုတ်ဖိုစု ရပ်ကွက် သိပ္ပံလမ်းရှိ ဝိသုဒ္ဓါရာမချမ်းမြေ့သာယာအေးစာသင်တိုက်တွင် ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တကုမာရ(ဓမ္မာစရိယ၊ ဒီဃဘာဏက၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ သန်လျင်မြို့နယ် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ)ကို အမှူးပြု၍ ကျင်းပမည်ဖြစ်သည်။ တရားစခန်းဝင်မည့် ယောဂီများအနေဖြင့် ၅၇လမ်း ဓမ္မဒူတဓမ္မာရုံသို့ ဧပြီ ၁၁ရက် ညနေ ၃နာရီ အရောက် လာကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ သင်္ကြန်နေ့အထူးတရားပွဲများ ကျင်းပမည်

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကမ္ဘာအေးရေကူးဘူတာအနီးရှိ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ၌ သင်္ကြန်နေ့အထူးတရားပွဲများ ကျင်းပမည်ဖြစ်ရာ ဧပြီ၁၃ရက် သင်္ကြန်အကျနေ့တွင် ပဓာနနာယက ပဲနွယ်ကုန်းဆရာတော် ဘဒ္ဒန္တစန္ဒာဝရ (မဟာကမ္မဋ္ဌာနာစရိယ)၊ ၁၄ရက် (သင်္ကြန်အကြတ်နေ့)တွင် မဇ္ဈိမဂုဏ်ရည် ဆရာတော် ဒေါက်တာအရှင်ကောဝိဒ၊ ၁၅ရက်(သင်္ကြန်အကြတ်နေ့)တွင် တွံတေး ဆရာတော် အရှင်ကုန္ဒက၊ ၁၆ရက် (သင်္ကြန်အတက်နေ့)တွင် ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ၊ ၁၇ရက် (နှစ်ဆန်းတစ်ရက်နေ့)တွင် မြစ်သားဆရာတော် ဘဒ္ဒန္တဝါသဝ (အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက)တို့က နေ့စဉ်မွန်းလွဲ ၂နာရီမှ စတင်ဟောကြားမည်ဖြစ်သည်။ စံရာအောင်မြေ ပဲနွယ်ကုန်း မဟာစည်ရိပ်သာ တည်ထောင်ရေးအတွက် လှူဒါန်းထားကြသော အလှူဒါနအစုစုတို့အတွက် ပထအကြိမ် ရေစက်ချအလှူမင်္ဂလာကို ၁၃၇၀ပြည့်နှစ် နှစ်ဆန်းတစ်ရက်နေ့ နေ့တရားပွဲအပြီး၌ ကျင်းပမည် ဖြစ်ကြောင်းနှင့် အလှူရှင်များအားလုံး ကြွရောက်၍ ကြည်ညိုဝမ်းသာ သာဓုခေါ်ဆိုနိုင်ရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။

(သတင်းစဉ်)

တေဇစက္ကိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် သင်္ကြန်တရားပွဲများ

ရန်ကုန် ဧပြီ ၉

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ရှစ်မိုင် တေဇစက္ကိဝိပဿနာ ကမ္မဋ္ဌာန်းကျောင်းတိုက် (ရှစ်မိုင် ဗဟိုဌာနချုပ်) မူလတေဇစက္ကိ မဟာထေရ် ဆရာတော်ကြီး ဘဒ္ဒန္တတေဇာလင်္ကာရ (အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ)၏ ဓာတုမနသိကာရ ပဗ္ဗဓာတ်တရားတော်များကို ဧပြီ ၁၂ရက်မှ ၁၈ရက်အထိ တေဇစက္ကိဗဟိုနာယက ဆရာတော်ကြီးများဖြစ်တော်မူသော ဘဒ္ဒန္တကောဝိဒ (မဟာသဒ္ဓမ္မဇောတိကဓဇ) မြို့မရိပ်သာကျောင်း ပုသိမ်ဆရာတော်၊ ဘဒ္ဒန္တကောဏ္ဍည (တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတ) မကွေးဆရာတော်၊ ဘဒ္ဒန္တစန္ဒိမာ (နယ်လှည့်ဓမ္မကထိက) တိုက်ကြီးဆရာတော်များက ခုနစ်ရက်တိုင် တရားတော်များ ချီးမြှင့်တော်မူမည် ဖြစ်သည်။ ကုသိုလ် ပါဝင်လှူဒါန်းလိုသူများသည် ကျောင်းတိုက်ဖုန်း-၆၆၀၁၃၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုး

ရန်ကုန် ဧပြီ ၉

မြန်မာအလုပ်သမားများ ကိုရီးယားနိုင်ငံသို့ သွားရောက် အလုပ်လုပ်ကိုင်ခြင်းဆိုင်ရာ သဘောတူညီချက်ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၂၈ ရက်က နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးများ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။ အဆိုပါသဘောတူညီချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကိုရီးယားသမ္မတနိုင်ငံသို့ Employment Permit System (EPS) ဖြင့်သွားရောက် အလုပ်လုပ်ကိုင်ကြမည့် အလုပ်သမားများသည် ကိုရီးယားဘာသာ အရည်အချင်းစစ်စာမေးပွဲ (KLT) အောင်မြင်ရမည် ဖြစ်ရာ Implementing Agreement Between Ministry of Labour, Union of Myanmar and the Ministry of Labour, Korea on Conducting and Administrating the Korean Language Test ကို ပြည်ထောင်စု မြန်မာနိုင်ငံတော် အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်နှင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr.Lee Jae Capတို့သည် ဧပြီ ၂ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းရရှိသည်။

(က-ပ)

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်မြတ်ကြီး၏ ထီးတော်သစ် တင်လှူပူဇော်နိုင်ရန်အတွက် အမှတ် ၄၉၈ ခေမာသီရိလမ်း မေတ္တာညွန့် တာမွေမြို့နယ်နေ စာရေးဆရာမ ဆုအဥ္ဇလီနှင့်မခင်စောမူမိသားစုက အလှူငွေကျပ် သုံးသိန်းတန်ဖိုးရှိ ဆွဲသီးတစ်ခုကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်သော ဦးခင်မောင်အေး (အလုည့်ကျသဘာပတိ)၊ ဦးလှမင်းနှင့် ဦးမြသိန်းတို့ကလက်ခံယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သန်းငွေး
နတ်တလင်းတွင် မြို့နယ်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်တွေ့ဆုံ
မကျီးကွင်း-ပြာသာ ချောင်းကူးတံတားနှင့် လမ်းပိုင်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် ဧပြီ ၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးနှင့် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့သည် ဧပြီ ၅ရက် နံနက်ပိုင်းက ပဲခူးတိုင်း (အနောက်ပိုင်း) နတ်တလင်းမြို့ ရွှေလင်ပန်းခန်းမ၌ ပေါင်းတည်၊ နတ်တလင်း၊ ဇီးကုန်း၊ ကြို့ပင်ကောက်မြို့တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ဇရာဝတီတိုင်း ကြံခင်းမြို့နယ် ဘက်ရဲမြို့ တေဇခန်းမ၌လည်းကောင်း၊ ညနေပိုင်းတွင် မြန်အောင်မြို့ အောင်ဇေယျခန်းမ၌ လည်းကောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအဆင့်ဆင့်မှ အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ စည်းရုံးရေးမှူးများ၊ အသင်းဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ တည်တံ့ ဖြစ်ထွန်းရေးအတွက် ဆောင်ရွက်ရန်များကို ရှင်းလင်းဆွေးနွေးသည်။

တက်ရောက်

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် မြန်အောင်မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် စည်ပင်သာယာရေးဦးစီးဌာနတို့ ပူးပေါင်းဆောက်လုပ်သော မကျီးကွင်း-ပြာသာ ချောင်းကူးတံတားနှင့် လမ်းပိုင်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ပုံ)**

တွေ့ဆုံ

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် တံတားအနီးမဏ္ဍပ်၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ပြာသာကျေးရွာ အခြေခံပညာ မူလတန်းကျောင်း ပြန်လည်တည်ဆောက်မှုကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် တလုတ္တော်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ဒေသခံပြည်သူများအား တွေ့ဆုံအမှာစကား ပြောကြားပြီး ကျေးရွာစာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာတမ်းများကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းသို့ အလှူငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် ကျေးရွာဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ ကျောင်းထိုင်ဆရာတော်အားဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဟာစည်တရားတော် ပြန့်ပွားရေး ဇင်ဦးချိုဖောင်ဒေးရှင်းမှ လှူဒါန်း

ရန်ကုန် ဧပြီ ၉

မဟာစည်ဆရာတော်ကြီး၏ တရားတော်ပြန့်ပွားရေးအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် (မဟာစည်သာသနာ့ရိပ်သာ) အမှုဆောင်တစ်ဦးဖြစ်သူ ဦးသိန်းထိုက်ဦး-ဒေါ်မျိုးမျိုးမင်း၊ သမီး ဇေဇင်ဦး မိသားစုက ဆရာကြီးဝဏ္ဏကျော်ထင် ဓမ္မိကဦးဘသန်းရေးသားသော မဟာစည်မထေရ်မြတ် အတ္ထုပ္ပတ္တိအုပ်ရေ ၁၅၀၀၊ တက္ကသိုလ်စိုးမြိုင်မြန်မာပြန်သော ကိုယ်တွေ့မဟာစည်(An Experiment in Mindfulness)အုပ်ရေ၁၅၀၀ လယ်တီဦးလှတင်ရေးသားသော သတိုးသီရိသုဓမ္မသူဌေးကြီးဆာဦးသွင်အတ္ထုပ္ပတ္တိ အုပ်ရေ ၁၅၀၀နှင့် စာအုပ်များစဉ်ဆက်မပြတ် ထုတ်ဝေနိုင်ရန် ဦးသိန်းထိုက်ဦး၏ အသက်(၄၀)ပြည့် မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၁ရက်တွင် ငွေကျပ် ၅၁၂၀၀၀၀သိန်းကို ဇင်ဦးချို ဖောင်ဒေးရှင်းရန်ပုံငွေအဖြစ် မဟာစည်သာသနာ့ရိပ်သာ၊ ဩဝါဒါစရိယနှင့် နာယက ဆရာတော်များရှေ့မှောက်တွင် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် အမှုဆောင်လူကြီးများထံ ပေးအပ်လှူဒါန်းခဲ့၍ **(အပေါ်ပုံ)** ယင်းစာအုပ်များ ဝယ်ယူရရှိနိုင်ပါသည်။ ဦးသိန်းထိုက်ဦးက သူ၏ အသက်(၄၀)ပြည့်မွေးနေ့အလှူအဖြစ် ရွှေပါရမီတောရ ဆရာတော် အရှင်ဆန္ဒာဓိကရေးသားသော ကိုယ့်စိတ်ကိုယ်စစ်၊ မြင့်မြတ်သူတို့၏စံအိမ်၊ ရဟန်းဘာကြောင့်ပြုရတယ်၊ တစ်ယောက်တည်းနေ တစ်စိတ်တည်းထား၊ အကြင်နာပေါင်းရှစ်သောင်းလေးထောင် စာအုပ်ငါးမျိုး အုပ်ရေ ၇၀၀၀ကို ပညာရေးဝန်ကြီးဌာန စာသင်ကျောင်းများသို့ ပေးလှူနိုင်ရန် ငွေကျပ် ၄၂၄၀၀၀၀ သိန်းကို မဟာစည်ဩဝါဒါစရိယနှင့် နာယကဆရာတော်များ ရှေ့မှောက်တွင် ဆရာတော် အရှင်ဆန္ဒာဓိကအား ရေစက်သွန်းချ လှူဒါန်းသည်။ ဦးသိန်းထိုက်ဦး၏ အသက်(၄၀)ပြည့် မွေးနေ့အလှူအဖြစ်လှူဒါန်းသော လှူဖွယ်ပစ္စည်းနှင့် လှူဒါန်းငွေစုစုပေါင်းမှာ ငွေကျပ် ၁၁၉ သိန်းဖြစ်ကြောင်း သိရသည်။

(က-ပ)

အမှတ် ၁၄ အောင်တော်မူလမ်း မြေနီကုန်း စမ်းချောင်းမြို့နယ်နေ ဆရာမကြီး ဒေါ်ခင်ငြိမ်းမိသားစုက မဟာစည်သာသနာ့ရိပ်သာ ဟိတေသီအဖွဲ့၏ နှစ်ထပ်ခန်းမဆောင် အလှူအဖြစ် မတ် ၂၈ရက်က ငွေကျပ်ငါးသိန်းလှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌဦးကျော်နှင့် အမှုဆောင်များက လက်ခံယူကြစဉ်။ (က-ပ)

ဆုတောင်းပြည့် မယ်လမုစေတီတော်၌ အဘိဓမ္မာဋီကာကျော် သင်တန်းဖွင့်မည်

ရန်ကုန် ဧပြီ ၉

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့်မယ်လမုစေတီတော် ဂေါပကအဖွဲ့မှ ကြီးမှူး၍ ပဉ္စမအကြိမ် အဘိဓမ္မာနှင့် ဋီကာကျော်သင်တန်းကို ၁၃၇၀ပြည့်နှစ် တန်ခူးလပြည့်ကျော် ၆ရက် (ဧပြီ၂၆ရက်) စနေနေ့မှစ၍ မွန်းလွဲ ၁၂ နာရီခွဲမှညနေ ၃ နာရီခွဲအထိ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ဆရာကြီးမဟာသဒ္ဓမ္မဇောတိကဓဇ တက္ကသိုလ်ရှင်သီရိ (ဓမ္မာစရိယ B.A) နှင့် ဆရာမကြီး ဒေါ်သန်းသန်း (မန်းတက္ကသိုလ်) တို့က သင်ကြားပို့ချမည်ဖြစ်သည်။ သင်တန်းတက်ရောက်လိုသူများသည် မယ်လမုစေတီတော်ဂေါပကအဖွဲ့ရုံး ဖုန်း-၆၆၁၂၈၅ သို့ ဆက်သွယ်စုံစမ်း တက်ရောက်နိုင်ကြောင်း သိရသည်။

(က-ပ)

ရသာမုန့်ယံယံ ခေါက်ဆွဲ နှစ်သစ်ကူး အထူးအစီအစဉ် ကံစမ်းမဲဖွင့်ပွဲ

ရန်ကုန် ဧပြီ ၉

ရသာချို စက်မှုလုပ်ငန်းလီမိတက်၏ ရသာမုန့်ယံယံခေါက်ဆွဲ နှစ်သစ်ကူး အထူးအစီအစဉ် ကံစမ်းမဲဖွင့်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဧပြီ၇ရက် မွန်းလွဲ ၂နာရီက ရန်ကုန်မြို့ Traders Hotel ၌ ကျင်းပရာ ရသာချို စက်မှုလုပ်ငန်းလီမိတက်မှ အထွေထွေမန်နေဂျာ ဦးတင့်အောင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရသာချို စက်မှုလုပ်ငန်း လီမိတက် ဈေးကွက်မြှင့်တင်ရေး မန်နေဂျာ ဦးရဲမြတ်ထူးက ဆုအပ်နှင်းပွဲနှင့် ပတ်သက်သည်များကို စာနယ်ဇင်းများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များကို ရှင်းလင်းပြောကြားသည်။

ချီးမြှင့်

ထို့နောက် Mercury Distribution Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်က အထူးဆု ဂျစ်ကားပေါက်သူ မကွေးမြို့မှ မမျိုးစန္ဒာအားလည်းကောင်း၊ တာဝန်ရှိသူများက အထူးဆုဆိုင်ကယ် နှစ်စီး၊ Postable DVD ငါးလုံးနှင့် တစ်သိန်းဆု ၁၀ ဆု ပေါက်သူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ကျေးဇူးတင်စကား

ယင်းနောက် တက်ရောက်လာကြသူများအား အစားအသောက်များနှင့်တည်ခင်းဧည့်ခံကြပြီး မန်နေဂျာ ဦးရဲမြတ်ထူးက ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

(သတင်းစဉ်)

အာဆီယံသစ်တောက်ခံချက်ပြုရေး လုပ်ငန်းအဖွဲ့ အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၉

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ်ဆောင်ရွက်သော (၇)ကြိမ်မြောက် အာဆီယံ သစ်တောက်ခံချက်ပြုရေး လုပ်ငန်းအဖွဲ့အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂ ရက် နံနက် ၉ နာရီက နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ်၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သစ်တောရေးရာ ဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်းဦးစီး ဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်နှင့် မလေးရှားနိုင်ငံ သစ်ထောက်ခံချက်ပြုရေး ကော်မတီအဖွဲ့၏ CEO, Mr. Chew Lye Teng တို့က အမှာစကား ပြောကြားကြပြီး အစည်းအဝေးတက်ရောက်သူများက အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ပထမနေ့ အစီအစဉ်များကို ဆက်လက်ကျင်းပသည်။

ဆွေးနွေး

အစည်းအဝေးတွင် တရားဝင်သစ်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် စည်းကမ်းသတ်မှတ်ချက်များ၊ အာဆီယံ သစ်ထောက်ခံချက်ပြုရေး အစီအစဉ်တစ်ခု ပေါ်ပေါက်ရေး မူဘောင်များ၊ အာဆီယံအဖွဲ့ဝင် နိုင်ငံများမှ အဆင့်ဆင့် အကောင်အထည်ဖော်နိုင်ရန် လမ်းညွှန်ချက်များ၊ အာဆီယံ သစ်ထောက်ခံချက်လုပ်ငန်းများ ဖော်ဆောင်ရာတွင် အကူအညီရရှိရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှုများကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

တောင်ငူမြို့၌ နိုင်ငံတကာ ကြယ်ငါးပွင့်အဆင့်မီ
‘တော်ဝင်ကေတုမတီဟိုတယ်’ကို
၉-၄-၂၀၀၈ ရက်တွင် စည်ကားသိုက်မြိုက် အောင်မြင်စွာ
ဖွင့်လှစ်နိုင်ခြင်းအတွက်
ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း
ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သမဝါယမဘဏ်လီမိတက်(CB BANK)

မော်တော်ယာဉ် မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇/က ၄၇၂၁ Toyota Corolla S/W ယာဉ်လက်ဝယ်ရှိသူ အမည် Accel International Ltd.မှတ်ပုံတင်အမှတ် ၄၂၂/၄၂၆က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ အရှေ့ပိုင်းခရိုင်ရုံး၊ ရန်ကုန်မြို့။



မြေသားလမ်းဖောက်လုပ်

ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ပတ်လမ်း မြေသားလမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေအား မတ် ၂၈ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အပူဒဏ်အန္တရာယ် ကာကွယ်ရေးနှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့်ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ်စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည် များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေနှင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက် ကောင်းသော နေရာမျိုးတွင် နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

မြန်မာ့အလင်း မှုခင်းသတင်း

ခြိမ်းခြောက်ငွေလုယူရန် ကြံစည်သူများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့ လှည့်ကင်းအဖွဲ့မှ ဖမ်းဆီးရမိ

ရန်ကုန် ဧပြီ ၉

ဧပြီ ၃ရက် ညသန်းနာရီအချိန်တွင် အင်းစိန်မြို့နယ် မြို့သစ် ၁ရပ်ကွက်နေ ဦးခင်မောင်ကြူ မောင်းနှင်လာသော ၁ဗ/၅၇၂တိုယိုတာ အငှားယာဉ်အားအင်းစိန်ခုံးကျော် တံတားအောက်မှ ဆူးလေသို့ လိုက်ပို့ရန် လူငယ်လေးဦးက ငှားသဖြင့် လိုက်ခဲ့သည်။ လူငယ် သုံးဦးက နောက်ခန်းတွင်ထိုင်ပြီး တစ်ဦးက ရှေ့ခန်း၌လိုက်ပါခဲ့သည်။ ကမာရွတ်ဘူတာရုံ ရှေ့အရောက်တွင် နောက်မှလိုက်လာသောလူငယ်တစ်ဦးက ယာဉ်မောင်း ဦးခင်မောင်ကြူ၏ လည်ပင်းအားသိုင်းဖက်ကာ အရာဝတ္ထုတစ်ခုဖြင့် ထောက်ပြီး ပိုက်ဆံထုတ်ပေးရန်နှင့် မပေးပါက ထိုးသတ်ပစ်မည်ဟု ခြောက်လှန့်ပြောဆိုပြီး နောက်တစ်ဦးက ခါးအားသိုင်းဖက်ထားခဲ့ကြောင်း၊ ဦးခင်မောင်ကြူက အော်ဟစ်အကူအညီတောင်းခံခဲ့ရာ လှိုင်ရဲတပ်ဖွဲ့စခန်း လှည့်ကင်းတာဝန်ကျတပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး ဝိုင်းဝန်းဖမ်းဆီးရာ ခြိမ်းခြောက် ငွေလုရန်ကြံစည်သူ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

ခြိမ်းခြောက်ငွေလုယူရန်ကြံစည်သူ ပြည့်စုံ၊ မျိုးနိုင်၊ အာကာ၊ ဇင်မင်းထွန်းတို့ လေးဦးအား လှိုင်ရဲတပ်ဖွဲ့စခန်းမှု(ပ) ၃၂၇/၀၈၊ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ-၃၈၇ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဘအမည်မှန်

အထက(၂) လသာ၊ စတုတ္ထတန်းမှ မဆုနိုင်ဦး၏ ဖခင် အမည်မှန်မှာ ဦးသန်းလှိုင် ၁၂/ဗဟန(နိုင်) ၀၄၃၅၀၈နှင့် မိခင် အမည်မှန်မှာ ဒေါ်ဝင်းကြည် ၁၂/ ဗဟန(နိုင်) ၀၄၃၈၈၅ ဖြစ်ပါကြောင်း။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်

ကျွန်မ၏သား စိုင်းနော်ခမ်း(ခ) ရှမ်းကြီး ၁၃/တယန(နိုင်)၀၂၇၂၄၉ သည် မိခင်အား စိတ်ဆင်းရဲအောင်ပြုလုပ်ကာ အိမ်ပေါ်မှ ဆင်းသွားပြီးဖြစ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါ။

ဒေါ်နန်းအုံးကြွယ်
၁၃/တယန(နိုင်)၀၀၁၉၁၂ပြင်ဦးလွင်မြို့။

မီး
အစဉ်
သတိပြု



ယာဉ်နှင့်လမ်းစည်းကမ်း ပညာပေးဟောပြောပွဲ မီးသတ်ဆေးဘူးပေးအပ်ပွဲ ပုသိမ်တွင် ကျင်းပ

ပုသိမ် ဧပြီ ၂

ဧရာဝတီတိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီမှ ကျင်းပသော ယာဉ်စည်းကမ်း၊လမ်းစည်းကမ်း ပညာပေးဟောပြောပွဲနှင့် မီးသတ်ဆေးဘူးပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၉ ရက်က ပုသိမ်မြို့ ကင်မလင်းကျွန်း အဝေးပြေးစခန်းရှိ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကော်မတီရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားမှူးအဖြစ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ အတွင်းရေးမှူး ဦးခင်မောင်ရင်က ဆောင်ရွက်ပြီး ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာန တိုင်းဦးစီးမှူး ဦးအောင်ကျော်ထွန်းက လမ်းစည်းကမ်း၊ ယာဉ်စည်းကမ်းနှင့် ပတ်သက်၍ ပညာပေးဟောပြောသည်။ ဧရာဝတီတိုင်း ပို့ဆောင်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလွှန်ရှပ်(စ်)သောင်းက ပို့ဆောင်ရေး ဦးစီးဌာနရုံးချုပ်၏ ညွှန်ကြားချက်များအပေါ် ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သိရှိစေရန် ရှင်းလင်း ပြောကြားသည်။ (ဝဲပုံ)

ထားရှိရန်

ယင်းနောက် ဧရာဝတီတိုင်း မီးသတ် ဦးစီးဌာနမှူး ဦးကြည်ဝင်းက ယာဉ်များ မတော်တဆမီးလောင်မှု ဖြစ်ပွားခြင်းနှင့် မီးသတ်ဆေးဘူးများ မော်တော်ယာဉ်များ၌ ထားရှိကြရန် ရှင်းလင်းပြောကြားသည်။

ရှင်းလင်း

ဆက်လက်၍ ဧရာဝတီတိုင်း ယာဉ်ထိန်း ရဲတပ်ဖွဲ့ တာဝန်ခံ ဒုတိယရဲမှူး ဇော်ဝင်းက ယာဉ်များမတော်တဆ ဖြစ်ပွားမှုများနှင့်ပတ်သက်၍ ဆောင်ရန်၊ရှောင်ရန်နှင့်လိုက်နာရန် အချက်များကို ပညာပေး ဟောပြောပြီး ဧရာဝတီတိုင်း မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးကြိုင်က ၂၀၀၇ခုနှစ်နှင့် ၂၀၀၈ ခုနှစ်အတွင်း ယာဉ်မတော်တဆ တိုက်မှုဖြစ်ပွားမှုများ၏ အခြေခံအကြောင်းရင်းများ၊ ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ သိမှတ်ဖွယ်ရာများ ရှင်းလင်း ပြောကြားသည်။

(၁၅၇)

မိုးနဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်တွင် ပန်းအလှပင်များစိုက်ပျိုး၍ မြေခင်းအလှပြုပြင်မှုကို အငယ်တန်း အင်ဂျင်နီယာ(၂) ဦးခွန်မြင့်လွင် ဦးစီးဆောင်ရွက်ရာသို့ မတ်၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မင်းထိုက် ကြီးကြပ်ပေးစဉ်။
(မြို့နယ် ပြန်/ ဆက်)

တောင်ငူ သိမ်ဦးကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

တောင်ငူ ဧပြီ ၅

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်သော တောင်ငူမြို့ သိမ်ဦးကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို မတ် ၂၅ ရက်က အဆိုပါ လမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးထွန်းဇော်ချစ်က ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဖွင့်လှစ်

ထို့နောက် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးနိုင်အောင်နှင့်တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)**ကတ္တရာလမ်းသစ်ကို ကြည့်ရှုကြသည်။

ဆောင်ရွက်

အဆိုပါ လမ်းမှာ အရှည် ပေ ၂၀၀၀၊ အကျယ် ၈ပေဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၈၈၇၀၀၀၀ ဖြင့် ဆောင်ရွက်ကြကြောင်း သိရသည်။
(မြို့နယ်စည်ပင်)

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ဆောင်ရွက်သော လေယာဉ်ကွင်းလမ်းပလက်ဖောင်း တိုးချဲ့ခြင်းလုပ်ငန်းကို မတ်၁၁ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစံလင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရိုးရာသင်္ကြန်ကာလ သတိပြုရန်

(က) မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကာလ ရန်ကုန်တိုင်းအတွင်း ယာဉ်မောင်းသူများလိုက်နာရန်။
- (၁) မူးယစ်သောက်စားယာဉ်မမောင်းရ။
- (၂) အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မမောင်းရ၊ လုမမောင်းရ။
- (၃) မော်တော်ယာဉ်များတွင် အိတ်ဇောပိုက်ဖြုတ်မမောင်းရ။
- (၄) ယာဉ်နံပါတ်ပြားမပါရှိဘဲ မမောင်းရ။
- (၅) ယာဉ်နံပါတ် အတုများ၊ အခြားယာဉ် နံပါတ်များ တပ်ဆင်ခြင်း လုံးဝမပြုရ။
- (၆) ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများဖြုတ်၍ မောင်းနှင်ခြင်း မပြုရ။
- (၇) ယာဉ်မောင်းလိုင်စင်နှင့် ယာဉ်မှတ်ပုံတင်(ဝှီးတက်)မပါဘဲ မမောင်းရ။
- (၈) ဖျက်သိမ်းထားသော ယာဉ်အို/ယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များ မမောင်းရ။
- (၉) နိုင်ငံတကာအလံများ ယာဉ်တွင်တပ်ဆင်၍ မောင်းနှင်ခြင်း မပြုရ။
- (၁၀) ရန်ကုန်မြို့တော်စည်ပင်သာယာနယ်နိမိတ်အတွင်း မည်သည့်မော်တော်ဆိုင်ကယ်မျှ စီးနင်းခြင်း လုံးဝမပြုရ။
- (၁၁) ဟွန်းသံကင်းမဲ့ဇုန်များအတွင်း ဟွန်းလုံးဝမတီးရ။

(ခ) ကျူးလွန်ပါက တည်ဆဲဥပဒေအရ ထိရောက်စွာအရေးယူမည်။

(ဂ) သင်္ကြန်ကာလအတွင်း ယာဉ်မောင်းနှင်သူများအား အရက်သေစာ သောက်စားထားခြင်း ရှိ/မရှိ အရက်မူးတိုင်းကိရိယာ (ALCOHOL TESTER)ဖြင့် တိုင်းတာစစ်ဆေး၍ အရေးယူဆောင်ရွက်သွားပါမည်။

(ဃ) ယခုအခါ အချက်အချာကျသော လမ်းဆုံ/လမ်းခွ မီးပွိုင့်များတွင် ခေတ်မီပစ္စည်းကိရိယာများဖြစ်သော CCTV CAMERA , RED LIGHT CAMERA များ တပ်ဆင်ထားပြီးဖြစ်သဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများအား အဆိုပါ ကင်မရာများဖြင့်ရိုက်ကူးထားပြီး အရေးယူဆောင်ရွက်သွားပါမည်။

(င) **"သင့်ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ကို အကျည်းတန် မညစ်နွမ်းပါစေနှင့်"**

ရန်ကုန်တိုင်းယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

တီဘီရောဂါ တိုက်ဖျက်ရေးနေ့ လှိုင်ကော်တွင် ကျင်းပ

လှိုင်ကော် မတ် ၃၀

ကယားပြည်နယ် လှိုင်ကော်မြို့ မြို့တော်ခန်းမ၌ ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ အခမ်းအနားကို မတ် ၂၄ ရက် မွန်းလွဲ၁နာရီက ကျင်းပရာ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ညွန့်တင်က အဖွင့်အမှာစကား ပြောကြားပြီး ၂၀၀၈ခုနှစ် ကမ္ဘာ့တီဘီရောဂါ တိုက်ဖျက်ရေးနေ့ ဖွင့်ပွဲ အခမ်းအနား မိန့်ခွန်းကို ပြည်နယ် ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာ သန်းထွန်းမြင့်က ဖတ်ကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

မကွေးတိုင်း မင်းလှမြို့ သစ္စာလမ်း ကတ္တရာထပ်ပိုးလွှာခင်း

မင်းလှ ဧပြီ ၅

(၆၃)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် (မြို့ပြ) သာမန်လုပ်ငန်းမှ သစ္စာလမ်း ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းနှင့် ကျောက်ချောလမ်းခင်းခြင်းကို မတ် ၂၀ရက် နံနက် ၈ နာရီက ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၁) ဒုတိယရဲမှူး ယုကြိုင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ခေတ္တအမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးဟန်ငွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **(မြို့နယ်စည်ပင်)**

ကျောင်းကုန်း၌ ကျန်းမာရေးဌာနခွဲအဆောက်အအုံဖွင့်

ကျောင်းကုန်း ဧပြီ ၂

ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ဒေါင့်ကွေးကျေးရွာအုပ်စု ကွင်းဘောကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး သားဖွားခန်းပါကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲနှင့် ကျန်းမာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၂၉ရက် နံနက် ၉နာရီက အဆိုပါ အဆောက်အအုံသစ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးခန်း အဆောက်အအုံသစ်ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ ဒေါင့်ကြီးတိုက်နယ် ဆရာဝန် ဒေါက်တာ ထွန်းအောင်လှိုင်နှင့် ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးထွန်းကြည်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ယာပုံ)**

ပေးအပ်

ထို့နောက် ကျေးလက်ကျန်းမာရေး ဌာနခွဲ အဆောက်အအုံသစ်ကို ကျန်းမာရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ ဆေးပေးခန်း ဖြစ်မြောက်ရေးကော်မတီ ဦးစိုးနိုင်က အဆောက်အအုံနှင့်ပတ်သက်သော စာရွက်စာတမ်းများကို မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးကိုယ်စား တိုက်နယ်ဆရာဝန် ဒေါက်တာ ထွန်းအောင်လှိုင်ထံ လွှဲပြောင်းပေးအပ်သည်။

အကုန်အကျခံ

အဆိုပါ အဆောက်အအုံမှာ အလျား ၂၂ ပေ၊ အမြင့် ၁၀ပေ၊ အနံ ၁၈ပေ၊တစ်ထပ်သွပ်မိုး အုတ်ညှပ် ကွန်ကရစ်ခင်းဖြစ်ပြီး စုစုပေါင်းငွေကျပ် ၃၃သိန်းကျော်ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရသည်။

(၁၅၄)

နေကာနန်းဟော်၊ ပါဝါနန်းဟော်၊ နာရီနန်းဟော်

၂၀၀၈ မဟာသင်္ကြန် အထူးအစီအစဉ်

နေကာမျက်မှန်၊ ပါဝါမျက်မှန်နှင့် နာရီအမျိုးမျိုး ဝယ်ယူသူ ချစ်မိတ်ဆွေများအတွက်

NEW ARRIVAL

(၅-၄-၂၀၀၈) ရက်မှ (၁၂-၄-၂၀၀၈) ရက်အထိ

Discount 5% to 20%

နံနက် (၉း၀၀) မှ ည (၉း၀၀) အထိ ရောင်းချပေးနေပါပြီ

အထူးအသေးတိုးပြီ

၄၁၈၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၃၂၈၂ B3 ယုဇနပလာဇာ ပထမထပ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၀၇၄၇ Ext ၂၃၂၂

၄၂၄၊ သိမ်ဖြူလမ်း၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့၊ ဖုန်း-၂၄၃၂၈၄ ၁၁×၁၂ ၂၆-ဘီလမ်း လမ်းဆုံ×၈၁ ကြား၊ မန္တလေးမြို့၊ ဖုန်း-၀၂-၆၀၇၈၆

တာချီလိတ်မြို့၌ ကတ္တရာလမ်းသစ်နှင့် သဲရေစစ်ကန်ဖွင့်

တာချီလိတ် ဧပြီ ၃

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရေကန်တောင်အတက် ကတ္တရာလမ်းသစ်နှင့် အနေးသဲရေစစ်ကန်ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၅ရက်က အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ရေကန်တောင်အတက် ကတ္တရာလမ်းသစ်နှင့် အနေးသဲရေစစ်ကန်ဖွင့်ပွဲ အခမ်းအနားကို အဆိုပါလမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ တာချီလိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး(အပေါ်ပုံ) ရေဝေကန်ရေဘားကို နယ်မြေခံတပ်နယ်မှူး ဗိုလ်မှူးကြီးမြင့်ဟန်က ဖွင့်လှစ်ပေးသည်။ (မြို့နယ်စည်ပင်)

စာအောင်သံဃာများ ဆုနှင်းပွဲကျင်းပ

ရမည်းသင်း ဧပြီ ၃

၁၃၆၉ခုနှစ် နိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသော ပထမပြန် စာမေးပွဲတွင် ရမည်းသင်းမြို့နယ် စာစစ်ဌာနမှ အောင်မြင်တော်မူသော စာအောင် သံဃာတော်များ ဆုနှင်းသဘင် ဂုဏ်ပြုအခမ်းအနားကို မတ် ၂၇ရက်က ရန်အောင်မြင်သာသနဗိမာန်၌ ကျင်းပရာ ဓမ္မာစရိယဘွဲ့ရ သံဃာနှစ်ပါး၊ သီလရှင်တစ်ပါး၊ ပထမကြီးတန်းအောင် သုံးပါး၊ ပထမလတ်တန်းအောင် ၂၂ပါးနှင့် ပထမငယ်တန်းအောင်သံဃာ ၃၅ပါးတို့အား အောင်လက်မှတ်နှင့်ဆုများ ဆက်ကပ်လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေးကော်မတီ ရွှေသိင်္ဂီ ရတနာဓမ္မာရုံ အမှတ် ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ အမှတ်၁၄ (ငါးလွှာ) ၁၁၄လမ်း မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဗိုလ်မှူးရဲမြင့် (ငြိမ်း)-ဒေါ်တင်တင်မိသားစုက အလှူငွေကျပ် နှစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံစဉ်။ (က-ပ)

(၆၃) နှစ် မြောက် တပ်မတော် နေ့ကို ဂုဏ်ပြုသောအားဖြင့် တိုက်ကြီးမြို့နယ် ဥက္ကံမြို့ အနော်ရထာရပ်ကွက် ဘုရားကြီးလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို မတ်၂၇ရက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပရာအမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဦး၊ မြို့နယ်



ပြည်ထောင်စု ကြံ့ခိုင် ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမြင့်အောင်နှင့် အနော်ရထာရပ်ကွက် ရပ်မိရပ်ဖဦးတင်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က-ပ)

မော်တော်ယာဉ်များ အန္တရာယ်မရှိရေး ကြည့်ရှုစစ်ဆေး

မင်ဘူး ဧပြီ ၅

မော်တော်ယာဉ်များ မတော်တဆယာဉ်အန္တရာယ်ဖြစ်ပွားမှုမရှိစေရေးအတွက် မင်းဘူးခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်သန္တာညွန့်၊ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်စိုးမိုးနှင့်အဖွဲ့၊ မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းကြည်တို့ ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် မတ် ၂၆ရက်က ရန်ကုန်နှင့်မန္တလေးမြို့များသို့ ပြေးဆွဲနေသော မှန်လုံခရီးသည်တင်ဘတ်စ်ကားယာဉ်မောင်း၊ အရန်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်တို့၏ သတ်မှတ်လိုင်စင်ရှိမရှိ၊ သက်တမ်းရှိလိုင်စင် ဟုတ်မဟုတ်၊ ယာဉ်များကြံ့ခိုင်မှုရှိမရှိ၊ အန္တရာယ်ကင်းရှင်းစွာ မောင်းနှင်နိုင်မှုရှိမရှိ၊ ယာဉ်လိုင်စင်၊ လုပ်ငန်းလိုင်စင်ရှိမရှိ၊ မီးသတ်ဘူးများ တပ်ဆင်ထားရှိမှု၊ အရေးပေါ်ထွက်ပေါက် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေး ပညာပေးကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းများ

မိခင်ကြီး ဒေါ်ရင်ငွေအား ဦးထိပ်ထား၍ တွံတေးမြို့ အိုးဘိုရပ်ကွက် (နိုးတူးမုန့်ဟင်းခါး)လုပ်ငန်း ကိုစန်းကြိုင်-မမြင့်စန်း မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းက လက်ခံယူစဉ်။ (က-ပ)

ဟသ်ာတ၌ မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ဆောင်

ဟသ်ာတ မတ် ၁၀

ဧရာဝတီတိုင်း ဟသ်ာတခရိုင် ဟသ်ာတ မြို့နယ်မီးသတ်ဦးစီးဌာနနှင့် အရန်မီးသတ်တပ်ဖွဲ့စခန်းများရှိ မီးသတ်ယာဉ်စက်များ ကောင်းမွန်ကြံ့ခိုင်ရေး၊ သဘာဝရေကန်မှ ရေစုပ်ယူခြင်းလုပ်ငန်းများ၊ တပ်ဖွဲ့ဝင်မိသားစုများနှင့် တွေ့ဆုံမှုများကို ဖေဖော်ဝါရီ ၂၄ရက်က မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူး (အောက်မြန်မာပြည်ကွပ်ကဲမှုရုံး) ဦးဇော်ဝင်း၊ ဧရာဝတီတိုင်း မီးသတ်ဦးစီးမှူး ဦးကြည်ဝင်းနှင့် ခရိုင်မီးသတ်ဦးစီးမှူး ဦးစိုးဝင်းတို့ မြို့နယ်မီးသတ်စခန်းများသို့ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ကြည့်ရှုစစ်ဆေးကြသည်။

(မြို့နယ်မီးသတ်ဦးစီး)

မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို) အဆောက်အအုံ ရန်ပုံငွေအတွက် **Dr. Reddy's Laboratorise Ltd.** မှ **FEC 10000** ကို မတ် ၂၈ရက်က အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်း အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာကျော်မြင့်နိုင်သို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဆိပ်ဖြူမြို့၌ ပန်းအလှပင်များစိုက်ပျိုး

ဆိပ်ဖြူ ဧပြီ ၅

ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေးအတွက် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ မတ် ၂၀ရက်က ဧရာဝတီမြစ်ကူး အနော်ရထာတံတားအနီး ပန်းအလှပင်များစိုက်ပျိုးရန် မြေပြုပြင်ခြင်း၊ အရိပ်ရပင်များစိုက်ပျိုးခြင်းနှင့် ပေါင်းသင်မြေဆွခြင်းများကို တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ကျော်ထူးနှင့်အဖွဲ့ရုံးဝန်ထမ်းများ စုပေါင်းဆောင်ရွက်ရာသို့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

မတ် ၂၉ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဗန္ဓုလပန်းခြံသာယာလှပရေး အမြဲမပြတ်ကြပ်မတ်လုပ်ဆောင်ရန် အမှုဆောင်အရာရှိ ဦးဌေးဝင်း၊ လက်ထောက်အင်ဂျင်နီယာ ဦးတင်မောင်ဝင်းနှင့်အငယ်တန်းအင်ဂျင်နီယာ(၂) ဦးစိန်ရွှေမောင်တို့အား မှာကြားစဉ်။ (မြို့နယ်စည်ပင်)

ပြည်သူ့သဘောထား

- တည်ငြိမ်မှုကို လိုလားသည်
- အေးချမ်းမှုကို လိုလားသည်
- ဆူပူအကြမ်းဖက်မှုကို မလိုလား

- နှစ်ဦးမင်္ဂလာ သည်အတာ ရိုးရာသင်္ကြန် ပျော်စရာ။
- ပျော်ရွှင်ချိန်မှာ ပြည်သူအများ အကြမ်းဖက်သမား သတိထား။ ပြည်သူ့အားနဲ့ ဝိုင်းဖယ်ရှား။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဧပြီ ၉ ရက်က သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေး(၆/၂၀၀၈) တွင် အမှာစကားပြောကြားစဉ်။ (သတင်း - ရှေ့ဖုံး) (သတင်းစဉ်)

ပူတယ်လေ ဆယ်နေ့ကဲ ၉-၄-၂၀၀၈

ချောက်

၁၀၉ ဒီဂရီဖာရင်ဟိုက်

မင်းဘူး၊ အောင်လံ

၁၀၈ ဒီဂရီဖာရင်ဟိုက်

မကွေး

၁၀၆ ဒီဂရီဖာရင်ဟိုက်

ရန်ကုန်

၉၈ ဒီဂရီဖာရင်ဟိုက်

မြန်မာ့အလင်း အင်တာနက်ကျန်းမာရေး

ရွှေဖရုံစေ့စားသုံးခြင်းဖြင့် အရိုးရောဂါတားဆီးနိုင်

ရွှေဖရုံသီး၏အခွံမှာ စိမ်းဝါရောင်ဖြစ်သော်လည်း အတွင်းမှ အသားက အဝါရောင်ရှိသည်။ အရသာမှာ ချိုပြီး အနည်းငယ်ဖန်သည်။ ဖရုံသီးကို တစ်နှစ်ပတ်လုံးစိုက်ပျိုးဖြစ်ထွန်းနိုင်သဖြင့် ဖရုံသီးမှရသော ဖရုံစေ့ကိုလည်း တစ်နှစ်ပတ်လုံးရရှိနိုင်သည်။

အများဆုံးပါဝင်

ဖရုံစေ့တွင် မင်းဂနိစ်၊ မဂ္ဂနီဆီယမ်၊ ဖော့စပရပ်စ်၊ သံဓာတ်၊ ကော့ပါး၊ ဗီတာမင်ကေ၊ ဇင့်ဓာတ်၊ ပရိုတိန်းနှင့် ကယ်လိုရီဓာတ်များပါဝင်သည်။ အများဆုံးပါဝင်သော ဓာတ်မှာ မင်းဂနိစ်၊ မဂ္ဂနီဆီယမ်နှင့် ဖော့စပရပ်စ်တို့ ကြွယ်ဝစွာပါဝင်သည်။

လျော့ကျစေနိုင်

ဖရုံစေ့ကို သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ခန့်စားသုံးပါက အမျိုးသားများတွင် အရိုးကျန်းမာရေးကောင်းမွန်စေပြီး၊ အရိုးကျိုးမှု၊ အရိုးပွမှုနှင့် အရိုးများ သန်မာစေသည့်အပြင် အရိုးအက်မှုများကိုလည်း လျော့ကျစေနိုင်သည်။ ထို့အပြင် ဖရုံစေ့တွင် အိုမီဂါ-၃၊ ဖက်တီး အက်စစ်နှင့် ဇင့်ဓာတ်များ ပါဝင်မှုကြောင့် အမျိုးသားများတွင် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှုကိုလည်း ကာကွယ်နိုင်ကြောင်း ဗြိတိန်နိုင်ငံမှ သုတေသနပညာရှင်များက ပြောကြားသည်။

နည်းပါး

ဖရုံစေ့ပုံမှန်စားသုံးသူ ၄၀၀အား သုတေသနပြုခဲ့ရာ ၈၀ရာခိုင်နှုန်းမှာ အရိုးရောဂါနှင့် ဆီးကျိတ်ကင်ဆာဖြစ်ပွားမှု လွန်စွာနည်းပါးကြောင်း တွေ့ရှိရသည်ဟု ၎င်းတို့က ပြောကြားသည်။ ။